www.burmeseclassic.com

# နိုင်ငံတကာစကားပုံ
## အဘိဓာန်

ဦးတင့်ဝင်းနိုင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတကာစကားပုံ အဘိဓာန်

# DICTIONARY OF INTERNATIONAL PROVERBS

ဦးတင့်ဝင်းနိုင်

သာလွန်စာအုပ်တိုက်

၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၂၄၂၄၁၈၊ ၂၄၂၀၃၈

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် [ ၁၈၁/၂၀၀၃ (၂) ]
မျက်နှာဖုံးခွင့်ပြုချက် [ ၂၇၈/၂၀၀၃ (၄) ]

*

ပုံနှိပ်ခြင်း
ဒုတိယအကြိမ်
၂၀၀၃ - ခုနှစ်၊ ဇွန်လ
အုပ်ရေ ၂၀၀၀

*

မျက်နှာဖုံးဒီဇိုင်း
Stars

*

မျက်နှာဖုံးရိုက်
ဒေါ်တင်တင်ညို [ ၀၅၆၀၅ ] သပြေညိုပုံနှိပ်တိုက်
အမှတ်-၁၃၇/၂-သံသုမာလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

*

ထုတ်ဝေသူ
ဦးဝင်းနိုင် [ ၀၃၂၄၈ ] "ကြည်သာစာပေ"
တိုက်(၈)၊ အခန်း(၁၇)၊ စံပြဖဆပလရပ်ကွက်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

*

ပုံနှိပ်သူ
ဒေါ်တင်တင်ညို [ ၀၅၆၀၅ ] သပြေညိုပုံနှိပ်တိုက်
အမှတ်-၁၃၇/၂-သံသုမာလမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

*

## ဘာမှာစကား

နိုင်ငံတကာ စကားပုံအဘိဓာန် (Dictionary of International Proverbs) စာအုပ်သည် နိုင်ငံပေါင်း (၂၅)နိုင်ငံက စကားပုံများကို တစ်စုတစ်လုံးတည်း လေ့လာဖတ်ရှုနိုင်ရန် ပြုစုထားသည်။

အင်္ဂလိပ်ဘာသာရပ်များကို လေ့လာလိုက်စားကြသော လုပ်သားပြည်သူများနှင့် ကျောင်းသူကျောင်းသားများအတွက် ကမ္ဘာ့နိုင်ငံများ၏ စကားပုံများကို လေ့လာနိုင်ကြရန် ဖြစ်သည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီကြသော မိတ်ဆွေများနှင့် သပြေညိုပုံနှိပ်တိုက်မှ စက်အဖွဲ့သားများကိုလည်း အထူး ကျေးဇူးတင်ရှိကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည်။

အစမှစ၍ အစစအောင်မြင်ကြပါစေ
ဦးတင့်ဝင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

CONTENTS

# မာတိကာ

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ALBANIAN PROVERBS<br>အယ်လ်ဘေးနီးယန်း စကားပုံများ | ... | ၁ |
| AMERICAN PROVERBS<br>အမေရိကန် စကားပုံများ | .. | ၂ |
| ARABIAN PROVERBS<br>အာရေဗျ စကားပုံများ | .. | ၃ |
| CHINESE PROVERBS<br>တရုတ် စကားပုံများ | ... | ၄ |
| CZECH PROVERBS<br>ချက် စကားပုံများ | ... | ၁၁ |
| DANISH PROVERBS<br>ဒိန်းမတ် စကားပုံများ | ... | ၁၂ |
| DUTCH PROVERBS<br>ဒတ်ချ် စကားပုံများ | ... | ၁၆ |

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ENGLISH PROVERBS
အင်္ဂလိပ် စကားပုံများ ... ၁၉

FRENCH PROVERBS
ပြင်သစ် စကားပုံများ .. ၅၂

GERMAN PROVERBS
ဂျာမန် စကားပုံများ .. ၆၇

GREEK PROVERBS
ဂရိ စကားပုံများ .. ၈၀

HEBREW PROVERBS
ဟီးဘရူး စကားပုံများ .. ၈၅

HINDU PROVERBS
ဟိန္ဒူ စကားပုံများ . ၈၉

HUNGARIAN PROVERBS
ဟန်ဂေရီ စကားပုံများ . ၉၁

ITALIAN PROVERBS
အီတလီ စကားပုံများ . ၉၂

JAPANESE PROVERBS
ဂျပန် စကားပုံများ . ၁၀၈

LATIN PROVERBS
လက်တင် စကားပုံများ ၁၀၆

PERSIAN PROVERBS
ပါရှင်း စကားပုံများ ... ၁၂၀

POLISH PROVERBS
ပိုလန် စကားပုံများ ... ၁၂၁

PORTOGUES PROVERBS
ပေါ်တူဂီ စကားပုံများ ... ၁၂၂

RUSSIAN PROVERBS
ရုရှား စကားပုံများ ... ၁၂၅

SCOTTISH PROVERBS
စကော့ စကားပုံများ ... ၁၂၇

SPANISH PROVERBS
စပိန် စကားပုံများ ... ၁၃၂

TURKISH PROVERBS
တူရကီ စကားပုံများ ... ၁၃၉

SIMILES
နှိုင်းယှဉ်ချက်များ ... ၁၄၀

MYANMAR PROVERBS
မြန်မာ စကားပုံများ ... ၁၄၃

COMMON PROVERBS
အသုံးများသော စကားပုံများ ... ၁၉၄

* * *

www.burmeseclassic.com

www.burmeseclassic.com

၁ **A**

## ALBANIAN PROVERBS

### အယ်လ်ဘေးနီးယား စကားပုံများ

Every guest hates the others, and the host hates them all.

ဧည့်သည်တိုင်းသည် အခြားဧည့်သည်များကို မုန်း၍ အိမ်ရှင်သည် ၎င်းတို့အားလုံးကို မုန်းသည်။

If you lend you either lose the money or gain an enemy.

အကယ်၍ သင်သည် ငွေချေးငှားခဲ့သော် ငွေ ဆုံးရှုံးချင် ဆုံးရှုံးမည် (သို့မဟုတ်) ရန်သူတစ်ယောက် ရလိမ့်မည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## AMERICAN PROVERBS

အမေရိကန် စကားပုံများ

Curiosity killed the cat.
စပ်စုမှုက ကြောင်ကို သတ်သည်။

Never trouble till trouble troubles you.
ဒုက္ခမရောက်မခြင်း စိတ်သောက အရောက်မခံပါနှင့်။

Early start makes easy stages.
စောစွာစခြင်းသည် လွယ်ကူသော အောင်မြင်မှုများကို ဖြစ်ထွန်းစေသည်။

Keep your eyes wide open before marriage, half-shut afterwards.
လက်မထပ်မီ သင်၏ မျက်လုံးများကို ကျယ်ကျယ်ဖွင့်ထားပါ။ လက်ထပ်ပြီးနောက် တစ်ဝက် ပိတ်ထားပါ။

Every man has a goose that lays golden eggs, if he knew it.
လူတိုင်းတွင် ရွှေဥ ဥသော ငန်းတစ်ကောင် ရှိသည်။ အကယ်၍ ထိုအချက်ကို သူ သိခဲ့ရင်ဖြင့်။

There are two sides to every question the wrong side and our side.
မေးခွန်းတိုင်းတွင် အဖြေ နှစ်ခု ရှိသည်။ မှားသည့် အဖြေနှင့် ကျွန်ုပ်တို့ လက်ခံသည့် အဖြေ ဖြစ်သည်။

Let not the grass grow on the path of friendship.
ခင်မင်မှု မပျက်ပါစေနှင့်။

* * *



## ARABIAN PROVERBS

အာရေဗျ စကားပုံများ

Examine what is said, not him who speaks.
ဘာပြောသည်ကိုသာ ဆန်းစစ်ပါ။ ပြောသူကို ဆန်းစစ်စရာ မလိုပါ။

He who has health has hope, and he who has hope has everything.
ကျန်းမာရေးကောင်းသူတွင် မျှော်လင့်ချက်ရှိ၍ မျှော်လင့်ချက် ရှိသူတွင် အရာရာ ရှိသည်။

A secret is your slave if you keep it, your master if you lose it.
လျှို့ဝှက်ချက်တစ်ခုကို သင်သည် ထိန်းသိမ်းထားနိုင်လျှင် ထို လျှို့ဝှက်ချက်သည် သင်၏ ကျေးကျွန်ဖြစ်၍ ထိန်းသိမ်းမထား နိုင်ပါက သင်သည် ထိုလျှို့ဝှက်ချက်၏ ကျေးကျွန် ဖြစ်သွား လိမ့်မည်။

Beware of one who flatters unduly; he will also censure unjustly.
သင့်အား သဘာဝမကျစွာ မြှောက်ပင့်ပြောဆိုသူကို သတိ ထားပါ။ သူသည် မတရားစွာ အပြစ်တင်လိမ့်မည်။

Diligence is a great teacher.
ဝီရိယရှိခြင်းသည် ဆရာကောင်းတစ်ဦး ဖြစ်သည်။

Every man is most skilful in his own business.
လူတိုင်းသည် သူ၏လုပ်ငန်းတွင် အကျွမ်းကျင်ဆုံး ဖြစ်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



Every path has a puddle.

လမ်းတိုင်းတွင် ရွှံ့အိုင်တစ်ခု ရှိသည်။

When you have abandoned a thing, bewared of its opposite.

သင်သည် အရာဝတ္ထုတစ်ခုကို စွန့်လွှတ်ပြီးသောအခါ ထိုဟာ၏ ဆန့်ကျင်ဘက်ကို သတိပြုပါ။

Falsehood, though it seems profitables, will hurt you; truth, though it seems hurtful, will profit you.

လိမ်ညာမှုသည် အကျိုးရှိမည့်ပုံပေါ်သော်လည်း၊ သင့်အား ထိခိုက်စေလိမ့်မည်။ အမှန်တရားသည် သင့်အား ထိခိုက်နစ်နာမည့်ပုံပေါ်သော်လည်း သင့်အား အကျိုးရှိစေလိမ့်မည်။

Fortune, good or bad, does not last for ever.

ကံကြမ္မာသည် ကောင်းကောင်းဆိုးဆိုး မတည်မြဲ။

Tie up your camel as best you can,and then trust it to providence.

သင်၏ ကုလားအုတ်ကို သင် တတ်နိုင်သမျှ ချည်နှောင်ထားပြီးနောက် ကံတရားကိုသာ အားကိုးထားပါ။

He has no religion who has no humanity.

လူသားစိတ်မရှိသူတွင် ဘာသာတရား မရှိ။

Light your lamp before it becomes dark.

မှမှောင်ခင် သင်၏ မီးအိမ်ကို ထွန်းထားပါ။



Lying is weakness; truth is health.

လိမ်ညာခြင်းသည် အားနည်းခြင်း ဖြစ်သည်။ အမှန်တရားသည် ကျန်းမာရေး ဖြစ်သည်။

Man is the child of error.

လူသည် မှားယွင်းခြင်း၏ ကလေးငယ် ဖြစ်သည်။

Man is the slave of beneficence.

လူသည် ကြင်နာခြင်း၏ ကျေးကျွန် ဖြစ်သည်။

No man is without enemies.

ရန်သူမရှိသော လူဟူ၍ မရှိ။

Eat many meals, and you will grow fat.

အစာ များများစားပါ။ သင် ဝလာလိမ့်မည်။

Give me fire, and I will give you a light.

ကျွန်ုပ်အား မီးပေးပါ။ ကျွန်ုပ်သည် သင့်အား အလင်းရောင်ပေးမည်။

Beat out the iron while it is hot.

သံပူနေတုန်း ထုရိုက်ပါ။

Talk of the absent and he will appear.

မရှိသူအကြောင်း ပြောပါ။ သူ ရောက်လာလိမ့်မည်။

Branches may be made straight, but not an old trunk.

သစ်ခက်များကို ဖြောင့်အောင်လုပ်၍ ရကောင်းရနိုင်မည်ဖြစ်သော်လည်း ကြာမြင့်နေပြီဖြစ်သည့် ပင်စည်များကိုမူ လုပ်၍ မရ။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


When you ride a lion beware of his claw.
သင်သည် ခြင်္သေ့ကို စီးသောအခါ သူ၏ လက်သည်းကို သတိထားပါ။

You must scratch your own head with your own nails.
သင်၏ ဦးခေါင်းကို သင်၏ ကိုယ်ပိုင်လက်သည်းများဖြင့်သာ ကုတ်နိုင်သည်။

* * *

C

## CHINESE PROVERBS
တရုတ် စကားပုံများ

Do not remove a fly from your friend's forehead with a hatchet.
သင့်မိတ်ဆွေ၏ နဖူးမှ ယင်ကောင်တစ်ကောင်ကို ပုဆိန်တစ်လက်ဖြင့် မဖယ်ရှားပါနှင့်။

Of all the thirty-six alternatives, running away is best.
ရွေးချယ်ရန် နည်းလမ်း သုံးဆယ့်ခြောက်ခု ရှိသည့်အနက် ပြေးခြင်းသည် အကောင်းဆုံး ဖြစ်သည်။

A man who cannot tolerate small ills can never accomplish great things.
သေးငယ်သည့် အခက်အခဲများကို သည်းမခံနိုင်သူသည် ကြီးမားသည့်အရာများကို မည်သည့်အခါမှ ပြီးစီးအောင် လုပ်နိုင်မည် မဟုတ်။

It is better to be a dog in peaceful times than to be a man in times of unrest.
မငြိမ်းချမ်းသည့်ကာလ၌ လူတစ်ယောက်ဖြစ်ရခြင်းထက် အေးချမ်းသည့်ကာလ၌ ခွေးတစ်ကောင်ဖြစ်ရခြင်းက ပို၍ ကောင်းသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



One dog barks at something; the rest bark at him.

ခွေးတစ်ကောင်သည် တစ်စုံတစ်ရာကို ဟောင်သည်။ ကျန်ခွေးများသည် ထိုခွေးအား ဝိုင်း၍ဟောင်သည်။

A single conversation a cross the table with a wise man is worth a month's study of books.

ပညာရှိတစ်ယောက်နှင့် စားပွဲတွင်ထိုင်၍ စကားတစ်ခါပြောခြင်းသည် စာအုပ်များစွာကို တစ်လဖတ်၍ လေ့လာသည်နှင့် ညီမျှသည်။

There are two perfectly good men; one dead, and the other unborn.

စင်းလုံးချော ကောင်းသူနှစ်ယောက်သာ ရှိသည်။ သေဆုံးသူနှင့် အခြား တစ်ယောက်မှာ မမွေးဖွားရသေးသောသူဖြစ်သည်။

Better return home and make a net than long for fish by the waterside.

ရေစပ်နံဘေး၌ ငါးရရန် မျှော်လင့်နေခြင်းထက် အိမ်ပြန်၍ ကွန်ယက်သည်က ပို၍ ကောင်းသေးသည်။

Behind an able man there are always other able men.

လူတော်တစ်ယောက်၏ နောက်၌ အခြားလူတော်များစွာ ရှိသည်။



Never answer a letter while you are angry.

သင် စိတ်ဆိုးနေတုန်း ဘယ်သောအခါမှ စာတစ်စောင်ကို မပြန်လေနှင့်။

Blessings never come in pairs; misfortunes never come alone.

ကောင်းမွန်မှုများသည် ဘယ်သောအခါမှ အစုလိုက်အပြုံလိုက် မလာ။ ကံဆိုးမှုများသည် ဘယ်သောအခါမှ တစ်ခုတည်း မလာ။

For one good deed a hundred ill deeds should be overlooked.

ကောင်းမွန်သည့် လုပ်ရပ်တစ်ခုအတွက် မကောင်းခဲ့သည့် လုပ်ရပ်တစ်ရာကို သင်ပုန်းချေသင့်သည်။

Gold is tested by fire; man by gold.

ရွှေကို မီးဖြင့် စမ်းသပ်ရသည်။ လူကို ရွှေဖြင့် စမ်းသပ်ရသည်။

Great profits, great risks.

ကြီးမားသည့် အကျိုးအမြတ်များအတွက် ကြီးမားသည့် စွန့်စားမှုများ ပြုလုပ်ရသည်။

If people take no care for the future, they will soon have to sorrow for the present.

အကယ်၍ လူများသည် အနာဂတ်အတွက် သတိမမူလျှင်၊ မကြာမီ သူတို့သည် ပစ္စုပ္ပန်အတွက် ဝမ်းနည်းကြရသည်။

www.burmeseclassic.com

www.burmeseclassic.com


Ivory does not come from a rat's mouth.
ဆင်စွယ်သည် ကြွက်တစ်ကောင်၏ ပါးစပ်မှ ထွက်လာခြင်း မဟုတ်။

To see and listen to the wicked is already the beginning of wickedness.
လူယုတ်မာနှင့် တွေ့ဆုံပြီး သူ ပြောသည်ကို နားထောင်ခြင်းသည် ယုတ်မာခြင်း၏ အစပျိုးမှု ဖြစ်သည်။

Towers are measured by their shadows.
မျှော်စင်များကို ၄င်းတို့၏အရိပ်ဖြင့် တိုင်းတာရသည်။

If a little cash does not go out, much cash will not come in.
ငွေ အနည်းငယ် မထွက်သွားလျှင် ငွေ များစွာ ဝင်လာမည် မဟုတ်။ (ထောင်ခြင်ထုန်)

The host is happy when his guest has gone.
သူ၏ဧည့်သည် ပြန်သွားသောအခါ အိမ်ရှင်သည် ပျော်သွားသည်။

* * *



## CZECH PROVERBS

ချက် စကားပုံများ

Misfortunes always come in by a door that has been left open for them.
ကံဆိုးမှုများသည် ၄င်းတို့အတွက် ဖွင့်ပေးထားသည့် တံခါးတစ်ချပ်မှ အမြဲ ဝင်ရောက်လာသည်။

When you go to buy use your eyes, not your ears.
သင်သည် ဝယ်ယူရန်သွားသောအခါ သင်၏ နားများကို အသုံးမပြုဘဲ သင်၏ မျက်စိများကိုသာ အသုံးပြုပါ။

It is not the thief who is hanged, but one who was caught stealing.
သူခိုးကို ကြိုးပေးခြင်းသည် မဟုတ်။ ခိုးနေတုန်း မိသူကိုသာ ကြိုးပေးခြင်း ဖြစ်သည်။

*

www.burmeseclassic.com

www.burmeseclassic.com



# D

## DANISH PROVERBS

ဒိန်းမတ် စကားပုံများ

A deaf husband and a blind wife are always a happy couple.
နား မကြားသော ခင်ပွန်းသည်နှင့် မျက်စိ မမြင်သော ဇနီးသည်တို့သည် ပျော်ရွှင်သော စုံတွဲ ဖြစ်သည်။

A burnt child fears the fire and a bitten child the dog.
မီးလောင်ခံရဖူးသော ကလေးသည် မီးကို ကြောက်၍ ခွေးကိုက်ခံရဖူးသော ကလေးသည် ခွေးကို ကြောက်သည်။

A willing helper does not wait to be called.
အကူအညီကို လိုလိုလားလားပေးလိုသူသည် အခေါ် မစောင့်။

An old man's saying is rarely untrue.
သက်ကြီးရွယ်အိုတစ်ဦး၏ စကားသည် မှားခဲသည်။

Better the child cry than the old man.
သူကြီးတစ်ဦး ငိုကြွေးခြင်းထက် ကလေးငယ်တစ်ဦး ငိုကြွေးခြင်းက ပို၍ကောင်းသည်။

Better the child should cry than the mother sigh.
မိခင် သက်ပြင်းချမည်ထက် ကလေးငယ် ငိုသည်က ပို၍ ကောင်းသေးသည်။

Better suffer for truth than prosper by falsehood.
လိမ်ညာမှုဖြင့် ကြီးပွားခြင်းထက် အမှန်တရားအတွက် ခံစားရခြင်းက ပို၍ကောင်းသည်။

Children are the poor man's riches.
ကလေးများသည် ဆင်းရဲသားတစ်ယောက်၏ ချမ်းသာကြွယ်ဝမှု ဖြစ်သည်။

Despise not a small wound, a poor relation, or a humble enemy.
သေးငယ်သည့်ဒဏ်ရာကို လည်းကောင်း၊ ဆင်းရဲနုံချာသည့် ဆွေမျိုးကို လည်းကောင်း၊ အထင်သေးစရာကောင်းသည့် ရန်သူကို လည်းကောင်း အထင်မသေးနှင့်။

Do as most people do, and few will jeer at you.
လူအများစု လုပ်သည့်အတိုင်း လုပ်ပါ။ လူအနည်းငယ်ကသာ သင့်အား လှောင်ပြောင်လိမ့်မည်။

Diligence makes an expert workman.
နိုးကြားစိုက်ထုတ်ခြင်းသည် ကျွမ်းကျင်သည့် လုပ်သားတစ်ဦး ဖြစ်စေသည်။

Give a rogue an inch and he'll take an ell.
လူယုတ်မာတစ်ဦးအား တစ်လက်မ ပေးပါ။ သူသည် တစ်ကိုက်ကျော်ကျော် ယူလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

Big words seldom accompany great deeds.
ကြီးကျယ်သော စကားလုံးများနှင့်တွဲ၍ တစ်ခါတစ်ရံမှသာ ကြီးမားသည့်လုပ်ဆောင်မှုများ ပါလာသည်။

He is most cheated who cheats himself.
ကိုယ့်ကိုယ်ကို လိမ်ညာသူသည် အလိမ်ညာခံရဆုံး ဖြစ်သည်။

Who will not obey father, will have to obey stepfather.
ဖခင်ရင်းကို မနာခံသူသည် ပထွေးကို နာခံရပေလိမ့်မည်။

Ill weeds grow soonest and last longest.
ဆူးပင်များသည် အမြန်ဆုံးပေါက်၍ ကာလကြာမြင့်စွာ ခံသည်။

It is too late to cover the well when the child is drowned.
ကလေးငယ် ရေနစ်ပြီးမှ ရေတွင်းကို ကာရန်မှာ အလွန် နောက်ကျသွားပြီ။

Bad never becomes good till something worse happens.
ပို၍ ဆိုးရွားမှု မဖြစ်မချင်း အဆိုးသည် အကောင်း ဘယ်တော့မှ ဖြစ်မလာ။

Put your hand quickly to your hat and slowly to your purse.
သင်၏လက်ကို ဦးထုပ်ပေါ်သို့ လျင်မြန်စွာ တင်ပြီး ပိုက်ဆံအိတ်ဆီသို့ ဖြည်းညင်းစွာ တင်ပါ။



Do not sell the hide before you have caught the fox.
မြေခွေးကို မမိမီ အရေခွံကို မရောင်းပါနှင့်။

Who marries a widow with three children marries four thieves.
ကလေးငယ်သုံးဦးပါသည့် မုဆိုးမတစ်ဦးကို လက်ထပ်သူသည် သူခိုးလေးယောက်နှင့် လက်ထပ်ခြင်း ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## DUTCH PROVERBS

ဒတ်ချ် စကားပုံများ

To marry once is a duty; twice a folly, thrice is madness.
တစ်ကြိမ် လက်ထပ်ခြင်းသည် တာဝန်တစ်ခုဖြစ်ပြီး နှစ်ကြိမ် လက်ထပ်ခြင်းသည် မိုက်မဲခြင်းဖြစ်ကာ သုံးကြိမ်လက်ထပ်ခြင်းသည် ရူးသွပ်ခြင်း ဖြစ်သည်။

A scabby head fears the comb.
အနာမှ သွေးများထွက်ပြီး ခြောက်ခဲနေသည့်ခေါင်းသည် ဘီးကို ကြောက်သည်။

A good name is better than oil.
နာမည်ကောင်းတစ်ခုသည် ဆီထက် ပို၍ကောင်းသည်။

An ounce of patience is worth a pound of brains.
သည်းခံခြင်း တစ်အောင်စသည် ဦးနှောက်တစ်ပေါင်ထက် ပို၍ကောင်းသည်။

Money rules the world.
ငွေသည် ကမ္ဘာကြီးကို လွှမ်းမိုးထားသည်။

Haste is prodigal.
အလျင်လိုခြင်းသည် ဖြုန်းတီးခြင်း ဖြစ်သည်။

Who steals once, remains a thief.
တစ်ကြိမ်ခိုးသူသည် သူခိုး အမြဲဖြစ်သွားတော့သည်။



Proverbs are daughters of daily experience.
စကားပုံများသည် နေ့စဉ်အတွေ့အကြုံများ၏ သမီးပျိုများ ဖြစ်သည်။

Do not sell the hide before you have caught the bear.
ဝက်ဝံ မမိခင် အရေခွံ မရောင်းပါနှင့်။

With a thief one catches a thief.
သူခိုးတစ်ယောက်ဖြင့် နောက် သူခိုးတစ်ယောက်ကို မိနိုင်သည်။

Soon ripe, soon rotten; soon wise, soon foolish.
မြန်မြန် မှည့်၊ မြန်မြန် လုပ်၊ မြန်မြန် ပညာရှိ၊ မြန်မြန် မိုက်။

Soon grass, soon hay.
မြန်မြန် မြက်ဖြစ်၊ မြန်မြန် ကောက်ရိုးဖြစ်။

The fox may lose his hair but not his tricks.
မြေခွေးသည် သူ၏အမွေးများ ကျွတ်လျှင်သာ ကျွတ်မည်ဖြစ်သော်လည်း သူ၏ကောက်ကျစ်မှုကိုမူ ဘယ်တော့မှ မပျောက်။

The higher the mountain, the deeper the vale; the higher the tree, the heavier the fall.
တောင် မြင့်လေ၊ တောင်ကြား နက်လေ ဖြစ်သည်။ သစ်ပင်များ မြင့်လေ၊ အကျ နာလေ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



There is help for all, except for the dead.
သေသည့်လူများမှ လွဲ၍ ကျန်လူအားလုံးအတွက် အကူအညီ များ ရှိသည်။

A man does not die of threats.
ခြိမ်းခြောက်မှုများကြောင့် လူတစ်ယောက် မသေ။

Three women and one goose make a market.
မိန်းမသုံးယောက်နှင့် ငန်းတစ်ကောင်သည် ဈေးတစ်ဈေး ဖြစ်စေသည်။

Truth is a daughter of time.
အမှန်တရားသည် အချိန်အခါ၏ သမီးတစ်ယောက် ဖြစ်သည်။

He measures another by himself.
သူသည် အခြားသူကို သူနှင့် နှိုင်းသည်။

* * *

# E

## ENGLISH PROVERBS
## အင်္ဂလိပ် စကားပုံများ

A bad excuse is better than none at all.
ဆင်ခြေ လုံးဝမပေးသည်ထက်စာလျှင် ယုတ္တိမရှိသည့် ဆင်ခြေတစ်ခု ပေးခြင်းကပင်လျှင် ကောင်းသေးသည်။

A bad husband cannot be a good man.
ဆိုးသွမ်းသည့် လင်ယောက်ျားတစ်ဦးသည် လူကောင်းတစ်ဦး မဖြစ်နိုင်။

A beggar can never be bankrupt.
သူတောင်းစားတစ်ဦးသည် ဘယ်သောအခါမှ စီးပွားပျက်သူ တစ်ဦး မဖြစ်။

A bird in the hand is worth two in the bush.
လက်ထဲတွင် ရှိသည့် ငှက်တစ်ကောင်သည် ချုံထဲတွင် ရှိသည့် ငှက်နှစ်ကောင်ထက် ပို၍ တန်ဖိုးရှိသည်။

A burnt child dreads fire.
မီးလောင်ခံရဖူးသော ကလေးသည် မီးကို ကြောက်သည်။

A drowning man will catch at a straw.
ရေနစ်နေသော လူသည် ကောက်ရိုးမျှင်တစ်မျှင်ကိုပင် ဆွဲလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



A drunkard's purse is a bottle.
အရက်သမားတစ်ဦး၏ ပိုက်ဆံအိတ်သည် ပုလင်းတစ်လုံး ဖြစ်သည်။

A fault confessed is half redressed.
ဝန်ခံသည့် အပြစ်တစ်ခုသည် တစ်ဝက်ပြုပြင်ပြီး ဖြစ်သည်။

A fool may give a wise man counsel.
လူရူးလူမိုက်တစ်ဦးသည် ဉာဏ်ပညာရှိသူတစ်ဦးအား အကြံပေးကောင်း ပေးလိမ့်မည်။

A fool and his money are soon departed.
လူမိုက်နှင့် ငွေ အတူမနေ။

A friend is need is a friend indeed.
အရေးကြုံသည့်အခါ ရပ်တည်သည့် မိတ်ဆွေ သူငယ်ချင်းသာလျှင် မိတ်ဆွေကောင်း ဖြစ်သည်။

A friend is easier lose than found.
မိတ်ဆွေတစ်ဦးကို ရရှိရန်ထက် ဆုံးရှုံးရန်က ပို၍လွယ်သည်။

A friend's frown is better than a fool's smile.
မိတ်ဆွေတစ်ဦး၏ မျက်မှောင်ကုတ်ခြင်းသည် လူရူးလူမိုက်တစ်ဦးပြုံးခြင်းထက် ပို၍ကောင်းသေးသည်။

A good dog deserves a good bone.
ခွေးလိမ္မာတစ်ကောင်သည် အရိုးကောင်းတစ်ချောင်းနှင့် ထိုက်တန်သည်။



A good husband makes a good wife.
လင်ယောကျ်ားကောင်းတစ်ဦးသည် ဇနီးကောင်းတစ်ဦးကို မွေးထုတ်ပေးသည်။

A good name is better than riches.
နာမည်ကောင်းတစ်ခုရှိခြင်းသည် ချမ်းသာကြွယ်ဝခြင်းထက် ပို၍ကောင်းသည်။

A guilty conscience needs no accuser.
အပြစ်ရှိနေသဖြင့် လိပ်ပြာ မသန့်ခြင်းသည် စွပ်စွဲမည့်သူ မလို။

A hungry man is an angry man.
ဆာလောင်မွတ်သိပ်နေသူတစ်ဦးသည် ဒေါသဖြစ်နေသူ တစ်ဦး ဖြစ်သည်။

A heavy purse makes a light heart.
လေးလံနေသည့် ပိုက်ဆံအိတ်တစ်လုံးသည် စိတ်နှလုံးကို ပေါ့ပါးစေသည်။

A man in debt is caught in a net.
ကြွေးတင်နေသူတစ်ဦးသည် ပိုက်ကွန်တစ်ခုထဲတွင် မိနေသည်။

A man's house is his castle.
လူတစ်ယောက်၏ အိမ်သည် သူ၏ ရဲတိုက် ဖြစ်သည်။

A penny saved is a penny gained.
စုဆောင်းသည့် တစ်ပဲနိသည် ရရှိသည့် တစ်ပဲနိ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



A pound of care won't pay an ounce of debt.
သတိရှိခြင်း တစ်ပေါင်သည် ကြွေးတစ်အောင်စကို မဆပ်နိုင်။

A short cut is often a wrong cut.
ဖြတ်လမ်းတစ်ခုသည် တစ်ခါတစ်ရံ၌ မှားသည့်လမ်းတစ်လမ်း ဖြစ်တတ်သည်။

A thing begun is half done.
အလုပ်တစ်ခုကို စခြင်းသည် တစ်ဝက်လုပ်ပြီး ဖြစ်သည်။

A wise man changes his mind sometimes, a fool never.
ဉာဏ်ပညာရှိသူတစ်ဦးသည် သူ၏စိတ်ကို တစ်ခါတစ်ရံ၌ ပြောင်းလဲသည်။ လူရူးလူမိုက်တစ်ဦးသည် မည်သည့်အခါမျှ မပြောင်း။

A wonder lasts nine days.
အံ့သြစရာသည် ကိုးရက်သာ ခံသည်။

A word to the wise is enough.
ပညာရှိတစ်ဦးအတွက် စကားတစ်လုံးဖြင့်ပင် လုံလောက်သည်။ (**အရိပ်ပြ အကောင်ထင်၊ တစ်ထွာပြလျှင် တစ်တောင်မြင်။**)

Absence makes the heart grow fonder.
ခွဲခွာနေခြင်းသည် ချစ်ခြင်းကို တိုးပွားစေသည်။

Action speaks louder than words.
လုပ်ရပ်သည် စကားလုံးများထက် ပို၍ ကျယ်လောင်စွာ စကားပြောသည်။



After a storm comes a calm.
မုန်တိုင်းကျပြီးနောက် ငြိမ်သက်မှု ဖြစ်သည်။

All covet, all lose.
အလိုကြီးက အရနည်းသည်။

All is not gold that glitters.
အရောင်ပြောင်တိုင်း ရွှေမဟုတ်။

All's fair in love and war.
အချစ်နှင့် စစ်တွင် ဘာလုပ်လုပ် တရားသည်။

All's well that ends well.
ကောင်းစွာပြီးစီးသည့် အရာမှန်သမျှသည် အကုန်ကောင်းသည်။

Among the blind the one-eyed man is king.
မျက်မမြင်သူများကြား၌ မျက်လုံးတစ်လုံးရှိသူသည် ဘုရင်ဖြစ်သည်။ (**အနှစ်မရှိသည့် တော၌ ကြက်ဆူပင် မင်းမူ။**)

An army marches on its stomach.
စစ်တပ်တစ်တပ်သည် ၎င်း၏ အစာလမ်းကြောင်းပေါ်၌ ချီတက်သည်။ (ဆိုလိုသည်မှာ ရိက္ခာ၊ ထောက်ပို့ စသည်တို့ပေါ် မူတည်သည်ကို ဆိုလိုခြင်း ဖြစ်သည်။)

An empty bag will not stand upright.
ဘာမျှမရှိသည့် အိတ်သည် မတ်ထောင်မနေ။

An idle brain is the devil's workshop.
အားလပ်နေသည့် ဦးနှောက်သည် မာရ်နတ်မင်း၏ အလုပ်ရုံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

An old bird is not to be caught with chaff.
ငှက်အိုတစ်ကောင်ကို ထောင်ချောက်ဖြင့် ဖမ်း၍မရ။

An ounce of prevention is worth a pound of cure.
ကာကွယ်မှု တစ်အောင်စသည် ကုသခြင်း တစ်ပေါင်ထက် ပို၍ကောင်းသည်။

As well be hanged for a sheep as a lamb.
သိုးငယ်တစ်ကောင်အတွက် အပြစ်ခံရခြင်းထက် သိုးကြီး တစ်ကောင်အတွက် အပြစ်ခံရခြင်းက ပိုကောင်းသည်။
**(တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်။)**

As you make your bed so you must lie on it.
အိပ်ရာခင်းသဖြင့် သင်သည် အိပ်ရလိမ့်မည်။

As you sow, so you shall reap.
စိုက်ပျိုးသောကြောင့် သင်သည် ရိတ်သိမ်းရလိမ့်မည်။

Ask much to get little.
နည်းနည်းရရန်အတွက် များများတောင်းပါ။

Avoid evil and it will avoid thee.
မကောင်းမှုကို သင် ရှောင်ကြဉ်ပါ။ မကောင်းမှုက သင့်ကို ရှောင်ကြဉ်လိမ့်မည်။

Barking dogs seldom bite.
ဟောင်သော ခွေးများသည် တစ်ခါတစ်ရံမှသာ ကိုက်သည်။

Beggars must not be choosers.
သူတောင်းစားများသည် ရွေးချယ်ရမည့်လူများ မဟုတ်။



Better late than never.
လုံးဝ ရောက်မလာသည်ထက်စာလျှင် နောက်ကျ ရောက်လာသည်က ပို၍ကောင်းသေးသည်။

Better be happy than wise.
ဉာဏ်ပညာရှိခြင်းထက် ပျော်ရွှင်ခြင်း က ပို၍ကောင်းသည်။

Blood is thicker than water.
သွေးသည် ရေထက် ပြစ်သည်။

Books and friends should be few and good.
စာအုပ်များနှင့် သူငယ်ချင်းများသည် နည်းနည်းနှင့် ကောင်းကောင်း ဖြစ်သင့်သည်။

Boys will be boys.
လူကလေးများသည် လူကလေးများသာ ဖြစ်သည်။

Bullies are generally cowards.
အနိုင်ကျင့်သူများသည် သူရဲဘောကြောင်သူများ ဖြစ်သည်။

By others faults wise men correct their own.
အခြားလူများ၏ အားနည်းချက်များဖြင့် ပညာရှိသူများသည် မိမိတို့၏ အားနည်းချက်များကို ပြုပြင်သည်။

Charity begins at home but should not end there.
ဒါနပြုခြင်းသည် အိမ်၌ စပြီး အိမ်၌ မပြီးဆုံးသင့်ပေ။

Children are what you make them.
ကလေးငယ်များသည် သင်လုပ်သည့်အတိုင်း ဖြစ်သည်။
(ဆိုလိုသည်မှာ သင် ပုံသွင်းသည့်အတိုင်း ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com



Christmas comes but once a year.
ခရစ်စမတ်ပွဲတော်သည် ရောက်ရှိလာသည်။ သို့သော် တစ်နှစ်တွင် တစ်ကြိမ်သာ ဖြစ်သည်။

Courtesy costs nothing.
ယဉ်ကျေးပျူငှာခြင်းသည် တစ်ပြားမှ မကုန်။
(ဆိုလိုသည်မှာ လျှအောက်ကြို့၍ မသေ။)

Cut your coat according to your cloth.
သင်၏အထည်စအတိုင်း သင်၏ ကုတ်အင်္ကျီကို ချုပ်ပါ။

Dead men tell no tales.
သေဆုံးသူများသည် ဘာမျှမပြော။

Delays are dangerous.
နှောင့်နှေးမှုများသည် အန္တရာယ်များသည်။

Do as I say, not as I do.
ငါ ပြောသလိုလုပ်၊ ငါ လုပ်သလို မလုပ်နဲ့။

Do not put all your eggs in one basket.
သင်၏ ကြက်ဥအားလုံးကို ခြင်းတစ်ခုထဲတွင် မထည့်နှင့်။

Do not spur a willing horse.
ပြေးချင်နေသည့်မြင်းကို သံချွန်နှင့် မထိုးနှင့်။

Early to bed and early to rise makes a man healthy, wealthy and wise.
စောစောအိပ်၍ စောစောထခြင်းသည် လူတစ်ယောက်အား ကျန်းမာချမ်းသာစေ၍ ဉာဏ်ပညာရှိစေသည်။



Easier said than done.
လုပ်သည်ထက် ပြောသည်က ပို၍လွယ်သည်။

Eat to live, but do not live to eat.
အသက်ရှင်ရန်အတွက် စားပါ။ စားရန်အတွက် အသက် မရှင်ပါနဲ့။

Employment brings enjoyment.
အလုပ်ရှိခြင်းသည် ပျော်ရွှင်မှုကို သယ်ဆောင်လာသည်။

Empty vessels make the most noise.
ဘာမျှမရှိသည့် စည်သံသည် အလွန်ကျယ်လောင်သည့်အသံကို ဖြစ်စေသည်။ **(မပြည့်တဲ့အိုး ဘောင်ဘင်ခတ်)**

Every dog has his day.
ခွေးတိုင်းတွင် သူ့နေ့ရှိသည်။
(ဆိုလိုသည်မှာ ကံကောင်းသည့်ရက် တစ်ရက် ရှိသည်။)

Everyone thinks his own burden the heaviest
လူတိုင်းသည် သူ၏ ဝန်ထုပ်အလေးဆုံးဟု ထင်ကြသည်။

Everything comes to thoes who wait.
စောင့်နေသူများအတွက် အရာရာသည် လာသည်။
**(အောင့်နိုင်က အကျိုးရှိ၊ စောင့်နိုင်က သူခိုးမိ။)**

Exchange is no robbery.
လဲလှယ်ခြင်းသည် လုယက်ခြင်း မဟုတ်။

Experience teaches.
အတွေ့အကြုံက သင်ကြားပေးသည်။

www.burmeseclassic.com

www.burmeseclassic.com

Extremes are dangerous.
အစွန်းရောက်မှုများသည် အန္တရာယ်များသည်။

Failure teaches success.
ရှုံးနိမ့်မှုသည် အောင်မြင်မှုရရန် သင်ကြားပေးသည်။

Faint heart never won a fair lady.
ကြောက်ရွံ့နေသူတစ်ဦးသည် မည်သည့်အခါမှ မိန်းမချော တစ်ဦးကို မရ။

Familiarity breeds contempt.
ရင်းနှီးမှုသည် အရိုအသေ တန်စေသည်။

Fine feathers make fine birds.
လှပသည့်ငှက်တောင်များသည် လှပသည့် ငှက်များ ဖြစ်စေ သည်။

Fingers were made before forks.
လက်ချောင်းများသည် ခက်ရင်းခွများ မပေါ်မီကတည်းက ပေါ်လာသည်။

Fire is a good servant but a bad master.
မီးသည် ကျွန်ကောင်းတစ်ဦးဖြစ်သော်လည်း သခင်ဆိုးတစ်ဦး ဖြစ်သည်။

Flattery brings friends, truth enemies.
မြှောက်ပင့်ခြင်းသည် မိတ်ဆွေများ ရစေသည်။ အမှန်ပြော ခြင်းသည် ရန်သူများ ရစေသည်။



Follow the river and you will find the sea.
မြစ်အတိုင်းလိုက်သွားပါက သင်သည် ပင်လယ်ကို တွေ့လိမ့် မည်။

Fools build houses and wise men buy them.
လူမိုက်များသည် အိမ်ဆောက်ကြ၍ ပညာရှိများသည် ထို အိမ်များကို ဝယ်ကြသည်။

Forewarned is forearmed.
ကြိုတင်သတိပေးခြင်းသည် လက်နက်ကြိုတင်တပ်ဆင်ခြင်း ဖြစ်စေသည်။

Fortune favours the brave.
ကံတရားသည် ရဲရင့်သူများကို မျက်နှာသာ ပေးသည်။

Fortune favours fools.
ကံတရားသည် လူရူးလူမိုက်များကို မျက်နှာသာပေးသည်။

Give a dog a bad name and hang him.
ခွေးတစ်ကောင်ကို နာမည်ဆိုးတစ်ခုပေး၍ ၎င်းအား ကြိုးပေး ပါ။

Give a fool rope enough and he will hang him-self.
လူရူးလူမိုက်တစ်ဦးကို ကြိုးတစ်ချောင်း ပေးလိုက်ပါ။ သူသည် သူ့ကိုယ်သူ ကြိုးဆွဲချလိမ့်မည်။

Give him an inch and he'll take an ell.
သူ့အား တစ်လက်မပေးပါက သူသည် တစ်ကိုက်ကျော်ကျော်

www.burmeseclassic.com

www.burmeseclassic.com



God helps those who help themselves.
ကိုယ့်ကိုယ်ကို ကူညီသူများကို ဘုရားသခင်က ကူညီသည်။

God never shuts one door but he opens another.
ဘုရားသခင်သည် တံခါးတစ်ချပ်လည်း ဘယ်သောအခါမှ ပိတ်မထား။ သို့သော် အခြားတံခါးတစ်ချပ်ကို ဖွင့်ထားသည်။

God beginnings make good endings.
ကောင်းမွန်စွာ စတင်မှုများသည် ကောင်းမွန်သည့် နိဂုံးချုပ်မှုများ ဖြစ်စေသည်။

Good to begin well, better to end well.
ကောင်းစွာစတင်ခြင်းသည် ကောင်းသည်။ ကောင်းစွာပြီးဆုံးခြင်းသည် ပို၍ကောင်းသည်။

Grasp all, lose all.
အားလုံး ဆုတ်၊ အားလုံး လွတ်။

Great haste makes great waste.
အလွန်အလျင်လိုခြင်းသည် ကြီးမားသည့် ဆုံးရှုံးမှုဖြစ်စေသည်။

Great talkers are little doers.
စကားကြီးစကားကျယ် ပြောသူများသည် အလုပ်နည်းနည်းလုပ်သူများသာ ဖြစ်သည်။

Habit is second nature.
အလေ့အကျင့်သည် ဒုတိယ သဘာဝ ဖြစ်သည်။



Half a loaf is better than no bread.
ပေါင်မုန့်တစ်ဖဲ့ရှိခြင်းသည် ပေါင်မုန့်လုံးဝမရှိခြင်းထက် ပို၍ကောင်းသည်။

Hasty climbers have sudden falls.
ကတိုက်ကရိုက်တက်သူများသည် ရုတ်တရက်ပြုတ်ကျမှုများ ဖြစ်တတ်သည်။

He knows most who speaks least.
များများသိသူသည် နည်းနည်းသာ ပြောသည်။

He that goes a borrowing, goes a sorrowing.
ချေးငှားသူသည် ဝမ်းနည်းရလိမ့်မည်။

He that knows little soon repents it.
အနည်းငယ်သာ သိသူသည် မကြာခင်တို့အတွက် နောင်တရလိမ့်မည်။

He that knows nothing, doubts nothing.
ဘာမျှမသိသူသည် ဘာမျှ သံသယမဖြစ်။

He that will eat the kernel must crack the nut.
အဆံကို စားလိုသူသည် အခွံကို ခွဲရလိမ့်မည်။

He who ceases to pray ceases to prosper.
ဆုတောင်းရန် ရပ်သူသည် ကြီးပွားရန် ရပ်သည်။

He who likes borrowing dislikes paying.
ချေးငှားခြင်းကို နှစ်သက်သူသည် ပေးခြင်းကို မနှစ်သက်။

www.burmeseclassic.com

www.burmeseclassic.com



He's no man who cannot say "No".
"မဟုတ်ဘူး" ဟူ၍ မပြောသူသည် လူမဟုတ်။

His bark is worse than his bite.
သူ့ပါးစပ်ဟာ သူ လုပ်တာထက် ပိုဆိုးတယ်။

Honesty is the best policy.
ရိုးသားခြင်းသည် အကောင်းဆုံး မူဝါဒ ဖြစ်သည်။

Hope springs eternal in the human breast.
မျှော်လင့်ခြင်းသည် လူသား၏ရင်တွင်းဝယ် အဆုံးအစမရှိ ဖြစ်ပေါ်နေသည်။

Hunger is the best sauce.
ဆာလောင်မွတ်သိပ်ခြင်းသည် ဟင်းကောင်းတစ်ခွက် ဖြစ်သည်။

If a man deceive me once, shame on him; if twice, shame on me.
အကယ်၍ လူတစ်ယောက်သည် ကျွန်ုပ်အား တစ်ကြိမ် လှည့်စားလိမ်ညာခဲ့လျှင် သူ့အတွက် ရှက်စရာ ဖြစ်သည်။ အကယ်၍ နှစ်ကြိမ်လိမ်ညာခဲ့လျှင် ကျွန်ုပ်အတွက် ရှက်စရာ ဖြစ်သည်။

If fools went not to market bad wares would not be sold.
အကယ်၍ လူရူးလူမိုက်များသည် ဈေးသို့မသွားခဲ့လျှင်



If the cap fits, wear it.
အကယ်၍ ကက်ဦးထုပ်သည် တော်နေလျှင် ဆောင်းလိုက်ပါ။

If the mountain will not go to Mohomet, Mahomet must go to the mountain.
အကယ်၍ တောင်သည် မိုဟာမက်ထံ မလာလျှင် မိုဟာမက်သည် တောင်ဆီသို့ သွားရလိမ့်မည်။

If you wish for peace, prepare for war.
အကယ်၍ သင်သည် ငြိမ်းချမ်းရေးကို လိုလားလျှင် စစ်ပြင်ပါ။

Ill got, ill spent.
လွယ်လွယ် ရ၊ လွယ်လွယ် ကုန်။

It is a long lane that has no turning.
အကွေ့မရှိသည့်လမ်းသည် အလွန် ရှည်သည်။

It is always time to do good.
ကောင်းသည့်အရာလုပ်ရန် အချိန် ရှိသေးသည်။

It is easier to get money than to keep it.
ငွေကို သိမ်းထားရန်ထက် ရှာဖွေရသည်မှာ လွယ်ကူသည်။

It is easier to pull down than to build.
တည်ဆောက်ရန်ထက် ဖျက်ဆီးရန်မှာ လွယ်ကူသည်။

It is folly to live in Rome, and strive with the Pope.
ရောမမြို့တွင်နေပြီး ပုပ်ရဟန်းမင်းကြီးနှင့် ခိုက်ရန်ဖြစ်ခြင်းသည် မိုက်မဲခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



It is never too late to mend.

ပြုပြင်ရန်မှာ ဘယ်တော့မှ နောက်မကျ။

It is no use crying over spilt milk.

ဖိတ်သွားသော နို့အတွက် ငိုကြွေးခြင်းမှာ အချည်းနှီး။

It takes two to make a quarrel.

ခိုက်ရန်ဖြစ်ပွားမှုအတွက် လူ နှစ်ယောက် လိုသည်။

(တောင်ငူလည်း တောင်ငူ၊ မောင်းထောင်လည်း မောင်းထောင်၊ ချိတ် ချိတ်ချင်း ချိတ်။)

Kill not the goose that lays the golden eggs.

ရွှေဥများ ဥသော ငန်းကို မသတ်နှင့်။

Kill two birds with one stone.

ခဲတစ်လုံးဖြင့် ငှက်နှစ်ကောင်ကို ပစ်ပါ။

Kind words are worth much and cost little.

ကြင်နာသော စကားလုံးများသည် တန်ဖိုးများစွာရှိပြီး အခ နည်းသည်။

Kindle not a fire that you cannot put out.

သင် မငြိမ်းသတ်နိုင်သည့် မီးကို မမွှေးနှင့်။

Kindness begets kindness.

ကြင်နာခြင်းသည် ကြင်နာမှု ရသည်။

Knowledge is power.

ဗဟုသုတရှိခြင်းသည် ခွန်အား ဖြစ်သည်။



Lazy people take the most pains.

ပျင်းရိသောသူများသည် ဘေးဒုက္ခများစွာ ခံစားရသည်။

Learning makes the wise wiser, but the fool more foolish.

လေ့လာဆည်းပူးခြင်းသည် ပညာရှိသူများအား ပို၍ ပညာရှိစေပြီး လူရူးလူမိုက်များအား ပို၍ မိုက်မဲစေသည်။

Lend only what you can afford to lose.

သင် ဆုံးရှုံးခံနိုင်သည်ကိုသာ ချေးငှားပါ။

Let bygones be bygones.

ပြီးတာတွေကို ပြီးပါစေ။

Let sleeping dogs lies.

အိပ်နေသော ခွေးများကို မနှိုးပါနှင့်။

Liars should have good memories.

လိမ်ညာသူများသည် မှတ်ဉာဏ်ကောင်းရန် လိုသည်။

Like father, like son.

ဖအေတူ သား။

Like mother, like daughter.

မအေတူ သမီး။

Look before you leap.

သင် မခုန်မီ ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com

Lost time is never found.
ကုန်ဆုံးသွားသော အချိန်ကို ဘယ်တော့မှ ပြန်မရ။

Love is blind.
အချစ်တွင် မျက်စိ မရှိ။

Make hay while the sun shines.
နေပူတုန်း မြက်ခြောက်လှန်းပါ။

Many hands make light work.
လက်များစွာသည် အလုပ်ကို ပေါ့စေသည်။

Many straws may bind an elephant.
မြက်ခြောက်များစွာသည် ဆင်တစ်ကောင်ကို ချည်နှောင်နိုင်သည်။

Marry in haste, repent at leisure.
ကတိုက်ကရိုက်လက်ထပ်ခြင်းသည် တစိမ့်စိမ့် နောင်တရရသည်။

Misfortunes never come singly.
ကံဆိုးမှုများသည် ဘယ်သောအခါမှ တစ်ခုတည်း မလာ။

More haste, less speed.
အလျင်လို အနှေးဖြစ်။

Nearest is dearest.
အနီးကပ်ဆုံးသည် အချစ်ဆုံး ဖြစ်သည်။



Necessity is the mother of invention.
လိုအပ်ခြင်းသည် တီထွင်ခြင်း၏ မိခင် ဖြစ်သည်။

Never a rose without thorns.
ဆူးမရှိသည့် နှင်းဆီပန်းသည် မရှိ။

Never look a gift horse in the mouth.
လက်ဆောင်ရသည့် မြင်းကို ပါးစပ်ဖြဲ မကြည့်နှင့်။
**(အလကားရသည့် နွား သွားဖြဲမကြည့်နှင့်။)**

Never put off till tomorrow what may be done today.
ဒီနေ့လုပ်နိုင်သည့် အလုပ်ကို နက်ဖြန်ထိ မရွှေ့ဆိုင်းပါနဲ့။

Never too old to learn; never too late to turn.
ပညာရှာရန် ဘယ်သောအခါမှ မအို။ ပြောင်းလဲရန် ဘယ်သောအခါမှ နောက်မကျ။

New brooms sweep clean.
တံမြက်စည်းသစ်များသည် အခန်းကို သန့်ရှင်းစေသည်။

No gains without pains.
အနာမခံ အသာမစံရ။

No one knows where the shoe pinches but he who wears it.
ဖိနပ်စီးထားသည့် လူမှလွဲ၍ ဖိနပ်ပေါက်သည်ကို မည်သူမှ မသိ။

www.burmeseclassic.com

www.burmeseclassic.com



Of one ill come many.
မကောင်းမှုတစ်ခုကြောင့် အများကြီး လာသည်။

Of two evils choose the less.
အန္တရာယ်နှစ်ခု ရှိသည့်အနက် နည်းသည်ကို ရွေးချယ်ပါ။

Old age is a heavy burden.
အသက်ကြီးရင့်ခြင်းသည် လေးလံသည့် ဝန်ထုပ် တစ်ထုပ် ဖြစ်သည်။

Old birds are not caught with chaff.
ငှက်အိုများကို ထောင်ချောက်ဖြင့် ဖမ်း၍မရ။

On a long journey even a straw is heavy.
ခရီးရှည်ကြီး၌ ကောက်ရိုးတစ်မျှင်ပင်လျှင် လေးလံလှသည်။

One cannot die twice.
လူတစ်ယောက်သည် နှစ်ခါ မသေနိုင်။

One man's meat is another man's poison.
တစ်ယောက်အတွက် အသားသည် အခြားတစ်ယောက် အတွက် အဆိပ် ဖြစ်သည်။

One swallow does not make a summer.
ပျံလွှားငှက်တစ်ကောင်ဖြင့် နွေရာသီ မဖြစ်နိုင်။
**(နှမ်းတစ်စေ့ဖြင့် ဆီမဖြစ်။)**

Other fish to fry.
အခြားအလုပ်များ လုပ်စရာ ရှိသေးသည်။



Out of debt, out of danger.
ကြွေးကင်းလျှင် အန္တရာယ် ကင်းသည်။

Out of sight, out of mind.
ကွယ်ရင် မေ့၊ တွေ့ရင် လွမ်း။

Practice makes perfect.
လေ့ကျင့်မှုသည် ပြည့်စုံစေသည်။

Praise makes good men better and bad men worse.
ချီးကျူးမှုသည် လူတော်များအား ပို၍ တော်စေပြီး လူမိုက်များအား ပို၍ ဆိုးစေသည်။

Presents keep friendship warm.
လက်ဆောင်များသည် ခင်မင်မှုကို နွေးထွေးစေသည်။

Prevention is better than cure.
ကုသခြင်းသည် ကာကွယ်ခြင်းထက် ပို၍ ကောင်းသည်။

Pride and poverty are ill, yet often dwell together.
ဆင်းရဲခြင်းနှင့် မာနတရားသည် မကောင်း။ သို့သော် တစ်ခါတစ်ရံ၌ ၎င်းတို့သည် အတူတွဲနေသည်။

Pride must have a fall.
မာနသည် ကျဆုံးရမည်။

Pride goes before a fall.
မာနသည် ကျဆုံးမှု၏ ရှေ့မှသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



Procrastination is a thief of time.
အချိန်ဆွဲခြင်းသည် အချိန်သူခိုး ဖြစ်သည်။

Quick believers need broad shoulders.
လျင်မြန်စွာ ယုံကြည်တတ်သူများသည် ပခုံးကျယ်များ ရှိသင့်သည်။

Reckless youth makes rueful age.
နမော်နမဲ့နိုင်သော ငယ်စဉ်ဘဝသည် ပူဆွေးရသည့် ကာလ ဖြစ်စေသည်။

Rumour is a great traveller.
ကောလဟာလသည် အလွန်လျင်မြန်စွာ သွားသည့် ခရီးသည် တစ်ဦး ဖြစ်သည်။

Save me from my friends.
ကျွန်တော့်သူငယ်ချင်းများထံမှ ကျွန်တော့်အား ကယ်တင်ပါ။

Saying is one thing, doing another.
ပြောခြင်းသည် တစ်ခုဖြစ်၍ လုပ်ခြင်းသည် တစ်ခုဖြစ်သည်။

Scratch my back and I will scratch yours.
ကျွန်တော်၏ နောက်ကျောကို ကုတ်ပါ။ သင်၏ နောက်ကျောကိုလည်း ကျွန်တော် ကုတ်မည်။

Second thoughts are best.
ဒုတိယတွေးသည့် အတွေးများသည် အကောင်းဆုံး ဖြစ်သည်။

Seeing is believing.
မြင်တွေ့ရခြင်းသည် ယုံကြည်ရသည်။



Set a thief to catch a thief.
သူခိုးတစ်ယောက်ကို မိရန်အတွက် သူခိုးတစ်ယောက်နှင့် ထောင်ဖမ်းပါ။

Show me a liar and I'll show you a thief.
ကျွန်တော့်ကို လူလိမ်တစ်ယောက် ပြပါ။ သင့်အား သူခိုး တစ်ယောက် ကျွန်တော် ပြမည်။

Silence gives consent.
ဆိတ်ဆိတ်နေခြင်းသည် သဘောတူခြင်း ဖြစ်သည်။

Sink or swim.
သေ မြေကြီး ရှင် ရွှေထီး။

Skill is stronger than strength.
ကျွမ်းကျင်မှုသည် ခွန်အားထက် အင်အားကြီးသည်။

Small beginnings make great endings.
သေးငယ်စွာ စသည့် စတင်မှုများသည် ကြီးမားသည့် ပြီးဆုံးမှုကြီးများ ဖြစ်စေသည်။

Soft words win hard hearts.
နူးညံ့ပျော့ပျောင်းသည့် စကားလုံးများသည် မာကျောသည့် နှလုံးသားများကို အောင်မြင်သည်။

Sometimes the best gain is to lose.
တစ်ခါတစ်ရံ၌ အကောင်းဆုံးရရှိမှုသည် အရှုံးပေးရန် ဖြစ်သည်။ (**အရှုံးပေးတတ နှလုံးအေးရ။**)

www.burmeseclassic.com

www.burmeseclassic.com



Soon hot, soon cold.
မြန်မြန် ပူ၊ မြန်မြန် အေး။

Speak little but speak the truth.
နည်းနည်းပြောပါ။ သို့သော် အမှန်တရားကို ပြောပါ။

Speak well of your friends, and of your enemy nothing.
သင်၏ မိတ်ဆွေသူငယ်များအကြောင်းကို အကောင်းပြောပါ။ သင်၏ ရန်သူအကြောင်း ဘာမှ မပြောပါနှင့်။

Speaking without thinking is shooting without aim.
မစဉ်းစားဘဲပြောခြင်းသည် မချိန်ရွယ်ဘဲ ပစ်သကဲ့သို့ ဖြစ်သည်။

Speech is silver, silence is golden.
စကားပြောခြင်းသည် ငွေဖြစ်ပြီး တိတ်ဆိတ်ခြင်းသည် ရွှေ ဖြစ်သည်။

Split salt is never all gathered.
ဖိတ်သွားသော ဆားများကို အားလုံးစုစည်း၍ မရ။

Still water runs deep.
ငြိမ်နေသော ရေသည် နက်ရှိုင်းသည်။

Strike while the iron's hot.
သံကိုပူနေတုန်း ထုရိုက်ပါ။



Study the past if you would divine the future.
အကယ်၍ သင်သည် အနာဂတ်ကို မှန်းဆလိုလျှင် အတိတ်ကို လေ့လာသုံးသပ်ပါ။

Suspicion is the bane of friendship.
သံသယသည် မိတ်ဆွေခင်ပွန်းဆက်ဆံရေး၏ အဆိပ် ဖြစ်သည်။

Take care of the pence and the pounds will take care of themselves.
ပဲနိများကို ဂရုစိုက်ပါက ပေါင်များသည် ၎င်းတို့ကိုယ် ၎င်းတို့ ဂရုစိုက်လိမ့်မည်။

The best of friends must part.
အခင်မင်ဆုံး မိတ်ဆွေများပင်လျှင် ခွဲခွာရသည်။

The cat is fain the fish to eat, but hath no will to wet her fect.
ကြောင်သည် ငါးကိုစားရန် နှစ်သက်သည်။ သို့သော် သူမ၏ ခြေထောက်ကိုမူ ရေစိုမခံလို။

The darkest hour is nearest the dawn.
အမှောင်ဆုံးအချိန်သည် အရုဏ်တက်ခါနီးအချိန် ဖြစ်သည်။

The early bird catches the worm.
စောစောအရှာထွက်သည့် ငှက်သည် ပိုးကောင်ကိုဖ်သည်။

The end justifies the means.
ဘယ်နည်းဖြင့် လုပ်လုပ်၊ ပန်းတိုင်ရောက်ရေးသည် အဓိက

www.burmeseclassic.com

www.burmeseclassic.com



The game is not worth the candle.
ပင်ပန်းခံရကျိုး မနပ်။

The heart sees farther than the head.
စိတ်နှလုံးသည် ဦးနှောက်ထက် ပို၍ သိမြင်သည်။

The Queen can do no wrong.
ဘုရင်မသည် အမှား မလုပ်နိုင်။

The Queen never dies.
ဘုရင်မသည် ဘယ်သောအခါမှ မသေ။

The nearer the church the farther from God.
ဘုရားရှိခိုးကျောင်းနှင့် နီးလေလေ ဘုရားနှင့် ဝေးလေလေ ဖြစ်သည်။ (ဤနေရာ၌ ဘုရားမှာ ဘာသာရေးကို ဆိုလိုသည်။)

The proof of the pudding is in the eating.
ပူတင်း ကောင်းမကောင်းသိသာရန်မှာ စားကြည့်ခြင်းပင် ဖြစ်သည်။

The unexpected always happens.
မမျှော်လင့်သည့် အရာများသည် အမြဲ ဖြစ်တတ်သည်။

The wish is father to the thought.
ဆန္ဒသည် တွေးတောကြံဆခြင်း၏ ဖခင် ဖြစ်သည်။

The world is a staircase; some are going up, some are coming down.
ကမ္ဘာကြီးသည် လှေကားဖြစ်သည်။ အချို့သည် တက်နေပြီး အချို့သည် ဆင်းနေသည်။



There are more foolish buyers than foolish sellers.
ရူးမိုက်စွာ ရောင်းချသူများထက် ရူးမိုက်စွာ ဝယ်ယူသူများက ပို၍ များသည်။

There are more ways to kill a dog than by hanging him.
ခွေးတစ်ကောင်ကို ကြိုးပေးသတ်ရန်ထက် သတ်ရန် အခြားနည်းလမ်းများစွာ ရှိသည်။

There is a "But" in every thing.
"သို့သော်" သည် အရာရာ၌ ရှိသည်။
(ဤနေရာ၌ "သို့သော်" သည် "ခြွင်းချက်" ဖြစ်သည်။)

There is no true love without jealously.
အချစ်စစ် အချစ်မှန်တွင် သဝန်တိုမှု ရှိသည်။

There is no venom like that of the tongue.
လျှာနှင့်တူသော အဆိပ်သည် မရှိ။

There is a salve for every sore.
အနာတိုင်းတွင် ဆေး ရှိသည်။

There's many a slip twixt the cup and the lip.
မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အပြောင်းအလဲ များစွာ ရှိသည်။

Those who make the best use of their time have no time to spare.
အချိန်ကို အကျိုးရှိစွာ အသုံးချသူများအတွက် အချိန်ပိုမရှိ။

www.burmeseclassic.com

www.burmeseclassic.com

Time and tide wait for no man.
အချိန်နှင့် ဒီရေသည် လူကို မစောင့်။

Time flies.
အချိန်သည် အကုန်မြန်သည်။

Time is money.
အချိန်သည် ငွေဖြစ်သည်။

Time is the best counsellor.
အချိန်သည် တိုင်ပင်ရန် အကောင်းဆုံး အဖော်မွန်ဖြစ်သည်။

Tit for tat is fair play.
ပါးကိုက်သဖြင့် နားပြန်ကိုက်ခြင်းသည် မှန်ကန်သည့် လုပ်ရပ်ဖြစ်သည်။

To err is human; to forgive divine.
လူတို့မည်သည် မှားတတ်စမြဲ။ ခွင့်လွှတ်သည်းခံခြင်းသည် မြတ်၏။

To forget a wrong is the best revenge.
အမှားတစ်ခုကို မေ့ပျောက်လိုက်ခြင်းသည် အကောင်းဆုံး လက်စားချေမှု ဖြစ်သည်။

To kill two birds with one stone.
ခဲတစ်လုံးနှင့် ငှက်နှစ်ကောင် ပစ်ပါ။

To know the disease is half the cure.
ရောဂါကို သိခြင်းသည် တစ်ဝက်ကုသပြီး ဖြစ်သည်။
**(အနာသိက ဆေးရှိ။)**



To look for a needle in a haystack.
ကောက်ရိုးပုံထဲတွင် အပ်ရှာသည်။

To put the cart before the horse.
နွားရှေ့ ထွန်ကျူးသည်။

To scare a bird is not the best way to catch it.
ငှက်ကို ခြောက်လှန့်ခြင်းသည် ၎င်းကိုဖမ်းရန် အကောင်းဆုံး နည်းလမ်းမဟုတ်။

Too many cooks spoil to broth.
ဆရာများ သားသေ။

True love never grows old.
အချစ်စစ် အချစ်မှန်သည် ဘယ်သောအခါမှ မဟောင်းနွမ်း။

Trust but not too much.
ယုံကြည်ပါ။ သို့သော် များများ မယုံပါနှင့်။

Turn over a new leaf.
စာမျက်နှာသစ်မှ စပါ။ **(ဘကြီးမှ စပါ။)**

Two eyes see more than one.
မျက်လုံးနှစ်လုံးသည် မျက်လုံးတစ်လုံးထက် ပိုမြင်သည်။

Two heads are better than one.
ခေါင်းနှစ်လုံးသည် ခေါင်းတစ်လုံးထက် ပိုကောင်းသည်။

Two wrongs do not make a right.
အမှားနှစ်ခုသည် အမှန်တစ်ခုဖြစ်အောင် မလုပ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



Under take no more than you can perform.
သင် လုပ်နိုင်တာထက် ပိုမလုပ်နှင့်။

Union is strength.
စည်းလုံးခြင်းသည် ခွန်အား။

Vice is its own punishment, virtue its own reward.
မကောင်းမှုကွင် ၎င်းအတွက် အပြစ်ဒဏ်ရှိပြီး သီလသမာဓိ ရှိခြင်းတွင် ၎င်းအတွက် ဆုလာဘ်ရှိသည်။

Wall have ears.
နံရံများတွင် နားများရှိသည်။
**(နေ့ပြောနောက်ကြည့်၊ ညပြောအောက်ကြည့်။)**

Waste makes want.
ဖြုန်းတီးမှုသည် လိုအပ်ခြင်း ဖြစ်စေသည်။

We can live without our friends, but not without our neighbours.
ကျွန်တော်တို့သည် ကျွန်တော်တို့၏ မိတ်ဆွေများမရှိဘဲ နေနိုင်သည်။ သို့သော် ကျွန်တော်တို့သည် ကျွန်တော်တို့၏ အိမ်နီးနားချင်းများမရှိဘဲ မနေနိုင်။

Well begun is half done.
ကောင်းစွာစတင်ခြင်းသည် တစ်ဝက်ပြီးစီးသည်။

What can't be cured must be endured.
မကုသနိုင်သည့် အရာကို သည်းခံရမည်။



What man has done man can do.
လူလုပ်တာကို လူလုပ်နိုင်သည်။

What the eye does not admire the heart does not desire.
မျက်လုံးများက မနှစ်မြို့လျှင် စိတ်ထဲက မနှစ်သက်။

What the heart thinketh the tongue speaketh.
နှလုံးသားက တွေးသောအခါ လျှာက စကားပြောသည်။

When a man is going down the hill everyone will give him a push.
လူတစ်ယောက်သည် တောင်ကုန်းပေါ်မှဆင်းသောအခါ သူ့အား လူတိုင်းက ဝိုင်း၍ တွန်းပေးလိမ့်မည်။

When in Rome do as the Romans do.
ရောမတွင်နေသောအခါ ရောမသားများ လုပ်သလို လုပ်ပါ။

When poverty comes in at the door love flies out of the window.
ဆင်းရဲမှုသည် တံခါးမကြီးမှ ဝင်လာသောအခါ အချစ်သည် ပြူတင်းပေါက်မှ ထွက်ပြေးသွားသည်။

When the cat is away the mice will play.
ကြောင် အဝေးသို့ ထွက်သွားသောအခါ ကြွက်များ ထလိမ့်မည်။

When the wine is in, the wit is out.
ဝိုင်အရက်ဝင်သွားသောအခါ၊ အသိတရားသည် ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



When two friends have a common purse, one sings and the other weeps.

သူငယ်ချင်းနှစ်ယောက်တွင် ပိုက်ဆံအိတ် တစ်အိတ် ရှိသောအခါ တစ်ဦးသည် ငိုလိမ့်မည်။ တစ်ဦးသည် သီချင်းဆိုလိမ့်မည်။

Where there is nothing to lose there is nothing to fear.

ဘာမှဆုံးရှုံးစရာ မရှိသောအခါ ဘာမှ ကြောက်စရာ မရှိ။

Where there is smoke there is fire.

မီးရှိသောအခါ မီးခိုးရှိသည်။

Where there's a will there's a way.

ဆန္ဒရှိလျှင် နည်းလမ်းရှိသည်။ (**လိုလျှင်ကြံဆ နည်းလမ်းရ။**)

While there is life there is hope.

အသက်ရှိလျှင် မျှော်လင့်ချက် ရှိသည်။

Who judges others condemns himself.

အခြားသူများအား စီရင်ချက်ချသူသည် ကိုယ့်ကိုယ်ကို အပြစ်ပေးပြီး ဖြစ်သည်။

Who knows most says least.

များများသိသူသည် နည်းနည်းပြောသည်။

Who will bell the cat?

ကြောင်ကို ဘယ်သူ ချူဆွဲပေးမလဲ။



You cannot shoe a running horse.

သင်သည် ပြေးနေသောမြင်းတစ်ကောင်ကို မြင်းခွာ မတပ်ပေးနိုင်။

You cannot teach old dogs new tricks.

သင်သည် ခွေးအိုတစ်ကောင်ကို လှည့်ကွက်အသစ်များ သင်မပေးနိုင်။

Young men think old men fools; old men know young men to be so.

လူငယ်များသည် အိုမင်းသူများအား လူရူးလူမိုက်များဟု ထင်သည်။ အိုမင်းသူများကလည်း လူငယ်များအား ထိုကဲ့သို့ပင် မှတ်ထင်သည်။

Youth lives no hope, old age on remembrance.

လူငယ်များသည် မျှော်လင့်ချက်ဖြင့် အသက်ရှင်ကြသည်။ လူကြီးများသည် သတိရမှုဖြင့် အသက်ရှင်ကြသည်။

Zeal without knowledge is a runaway horse.

ဗဟုသုတမရှိဘဲ စိတ်အားထက်သန်ခြင်းသည် ထွက်ပြေးသွားသည့် မြင်းတစ်ကောင် ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# F

## FRENCH PROVERBS

ပြင်သစ် စကားပုံများ

Who knows nothing, doubt nothing.
ဘာကိုမျှမသိသူသည် ဘာကိုမျှ သံသယမဖြစ်။

He that wants health wants everything.
ကျန်းမာရေးလိုအပ်နေသူသည် အရာရာကို လိုအပ်နေသူ ဖြစ်သည်။

I love my friends well, but myself better.
ကျွန်ုပ်သည် ကျွန်ုပ်၏မိတ်ဆွေ သူငယ်ချင်းများအား ချစ်ခင်သည်။ သို့သော် ကျွန်ုပ်ကိုယ်ကျွန်ုပ် အချစ်ဆုံး ဖြစ်သည်။

Bread at pleasure, drink my measure.
ပေါင်မုန့်ကို စိတ်တိုင်းကျ စားပါ။ အရက်ကို အတိုင်းအဆဖြင့် သောက်ပါ။

He is not a merchant who always gains.
အမြဲတမ်းမြတ်နေသူသည် ကုန်သည် မဟုတ်။

The wise man understands with half a word.
ပညာရှိသည် စကားတစ်ဝက်ဖြင့်ပင် သဘောပေါက်သည်။



By a humble spark a town is yet on fire.
သေးငယ်သည့်မီးပွားတစ်ပွင့်ဖြင့် မြို့တစ်မြို့ကို မီးလောင်တိုက် သွင်းနိုင်သည်။

A good bone never comes to a good dog.
အမဲရိုးတစ်ချောင်းသည် လိမ္မာသည့်ခွေးတစ်ကောင်ဆီသို့ ဘယ်သောအခါမှ မသွား။

A good dog never barks about a bone.
လိမ္မာပါးနပ်သော ခွေးတစ်ကောင်သည် အမဲရိုးတစ်ချောင်း အတွက် ဘယ်သောအခါမှ မဟောင်။

Who grasps at too much secures nothing.
များစွာကို ဆုပ်ကိုင်သူသည် ဘာမျှမရ။

All truth is not good to tell.
အမှန်တရားအားလုံးကို ပြောရန်မကောင်း။

A bad workman will not find a good tool.
အလုပ်သမားဆိုးတစ်ဦးသည် ကောင်းမွန်သည့် ကိရိယာ တန်ဆာပလာကို ဘယ်တော့မှ ရှာမတွေ့။

Whoever profits by the crime is guilty of it.
ရာဇဝတ်မှုတစ်ခုကြောင့် အကျိုးအမြတ်ရရှိသူ မည်သူမဆို အပြစ်ကျူးလွန်သူ ဖြစ်သည်။

Gratitude is the heart's memory.
ကျေးဇူးတင်ရှိခြင်းသည် အသည်းနှလုံး၏ မှတ်ဉာဏ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



A good husband should be deaf and a good wife blind.
ခင်ပွန်းကောင်းတစ်ဦးသည် နားပိတ်နေသင့်ပြီး ဇနီးကောင်းတစ်ဦးသည် မျက်စိပိတ်နေသင့်သည်။

A sparrow in the hand is worth more than a goose flying in the air.
လက်ထဲတွင်ရှိသည့် စာကလေးတစ်ကောင်သည် လေထဲတွင် ပျံသန်းနေသည့် ငန်းတစ်ကောင်ထက် ပို၍ တန်ဖိုးရှိသည်။

A dog in the kitchen desires no company.
မီးဖိုချောင်ထဲမှ ခွေးသည် အဖော်ကို မလို[illegible]။

The gool is wise according as he holds his tongue.
လူရူးလူမိုက်တစ်ယောက်သည် သူ၏ပါးစပ်ကို ပိတ်ထားသောအခါ ပညာရှိ ဖြစ်သည်။

Prosperity give friends; adversity proves them.
ချမ်းသာကြွယ်ဝခြင်းသည် မိတ်ဆွေများစေသည်။ ဒုက္ခရောက်ခြင်းသည် ၎င်းတို့မိတ်ဆွေ စစ် မစစ်ကို သက်သေပြသည်။

A good name is worth more than a golden girdle.
နာမည်ကောင်းတစ်ခုသည် ရွှေခါးပတ်တစ်ခုထက် ပို၍ တန်ဖိုးရှိသည်။

A hungry wretch is half mad.
ဆာလောင်နေသည့် လူပျင်းလူညံ့တစ်ဦးသည် တစ်ဝက်



A woman who talks like a man, and a hen which crows like a cock, are no good to anyone.
ယောက်ျားကောင်းတစ်ဦးကဲ့သို့ စကားပြောသည့် မိန်းမတစ်ဦးနှင့် ကြက်ဖကဲ့သို့တွန်သော ကြက်မတစ်ကောင်သည် မည်သူ့ပေါ်မှ မကောင်း။

A hen which crows and a girl who whistles bring the house bad luck.
ကြက်ဖကဲ့သို့တွန်သော ကြက်မနှင့် လေချွန်သော မိန်းကလေးသည် အိမ်ကို ကံဆိုးမှုများ ရောက်လာအောင် ပြုလုပ်သည်။

One ought to take heed of the bark of an old dog.
တစ်စုံတစ်ယောက်သည် ခွေးအိုတစ်ကောင် ဟောင်သည်ကို သတိထားသင့်သည်။

An old dog never yelps in vain.
ခွေးအိုတစ်ကောင်သည် ဘယ်သောအခါမှ အလဟဿ မဟောင်။

An ounce of favour is worth more than a pound of justice.
မျက်နှာသာရမှု တမ်ဲအောင်စသည် တရားမျှတမှု အချိန်အောင်စထက် ပို၍ တန်ဖိုးရှိသည်။

Who wants to beat his dog finds plenty of sticks.
အကယ်၍ တစ်စုံတစ်ယောက်သည် [illegible]ခွေးကို ရိုက်လိုပါက

www.burmeseclassic.com

www.burmeseclassic.com



Love does much, money does all.
ချစ်ခြင်းမေတ္တာသည် အရာတော်တော်များများကို ပြီးစီးစေနိုင်သည်။ ငွေသည် အရာရာကို ပြီးစီးစေသည်။

We are better alone than with a fool.
ကျွန်ုပ်တို့သည် အရူးတစ်ယောက်နှင့် နေရခြင်းထက် တစ်ယောက်တည်းနေရခြင်းက ပို၍ကောင်းသည်။

Better is the enemy of good.
"ပို၍ကောင်းသော" သည် "ကောင်းသော" ၏ ရန်သူဖြစ်သည်။

To everyone his burden seems heavy.
လူတိုင်းအတွက် သူတို့၏ ဝန်ထုပ်သည် လေးလံသည်ဟု ထင်ကြသည်။

Every potter praises his own pot.
အိုးထိန်းသည်တိုင်းသည် သူ၏အိုး ကောင်းကြောင်းကို ချီးကျူးသည်။

Fair promises please fools.
ဘဝင်ကျစေလောက်သော ကတိများသည် လူရူးလူမိုက်များအား ကျေနပ်နှစ်သိမ့်စေသည်။

One learns by failing.
တစ်စုံတစ်ယောက်သည် ဆုံးရှုံးမှုဖြင့် ပညာယူနိုင်သည်။

Step by step, one goes a long way.
တစ်စုံတစ်ယောက်သည် အလွန်ရှည်လျားသည့် ခရီးကို တစ်လှမ်းချင်းဖြင့် ရောက်သည်။



Fine cage does not feed the bird.
လှပသည့် လှောင်အိမ်သည် ငှက်ကို အစာမကျွေး။

Clothes do much to make a man.
အဝတ်အစားသည် လူတစ်ယောက်ကို များစွာ ပြောင်းလဲစေသည်။

Keep on running after the dog and he will never bite you.
ခွေး၏နောက်မှ ပြေးလိုက်သွားပါက ခွေးသည် သင့်အား ဘယ်တော့မှ မကိုက်။

God helps three sorts of people, fools, children and drunkards.
ဘုရားသခင်သည် လူရူးလူမိုက်များ၊ ကလေးသူငယ်များနှင့် အရက်သမားများ စသည့် လူစားသုံးမျိုးကို ကူညီသည်။

If you give your wife a yard, she'll take an ell.
အကယ်၍သင်သည် သင်၏ဇနီးကို တစ်ကိုက်ပေးခဲ့လျှင် သူမသည် တစ်ကိုက်ကျော်ကျော် ယူလိမ့်မည်။

If you give him a foot he will take four.
အကယ်၍ သင်သည် သူ့အား တစ်ပေပေးခဲ့လျှင် သူသည် လေးပေ ယူလိမ့်မည်။

Good swimmers are drowned at last.
ရေကူးကျွမ်းကျင်သူများသည် နောက်ဆုံး၌ ရေနစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

A companion on the way is better than money in the purse.
လမ်းခရီး၌ အဖော်သည် အိတ်ထဲမှ ပိုက်ဆံထက် ပို၍ ကောင်းသည်။

Good words make us laugh; good deeds make us silent.
စာလုံးကောင်းများသည် ကျွန်ုပ်တို့အား ရယ်မောစေသည်။ ကောင်းမွန်သည့် လုပ်ရပ်များသည် ကျွန်ုပ်တို့အား နှုတ်ဆိတ်စေသည်။

Half the world delights in slander, and the other half in believing it.
ကမ္ဘာကြီးရှိလူတစ်ဝက်သည် ပုတ်ခတ်ပြောဆိုသည့်စကားများကို သဘောကျပြီး ကျန်တစ်ဝက်က ထိုစကားများကို ယုံကြည်ကြသည်။

It is well to have two strings in one bow.
လေးတစ်ခုအတွက် လေးကြိုးနှစ်ခုရှိခြင်းသည် ကောင်းသည်။

He has nothing who has not enough.
လုံလောက်မှု မရှိသူတွင် ဘာမျှမရှိ။

He knows enough who knows how to live and be silent.
မည်ကဲ့သို့နေထိုင်ရမည်နှင့် နှုတ်ဆိတ်နေရမည်ကို သိသူသည် လုံလုံလောက်လောက် သိသူ ဖြစ်သည်။



He that has no sense at thirty will never have any.
အသက်သုံးဆယ်အရွယ်တွင်မှ အသိဉာဏ် မရှိသူသည် မည်သည့်အရွယ်တွင်မှ အသိဉာဏ် ရှိမည်မဟုတ်။

He who laughs in the morning, weeps in the evening.
မနက်တွင် ရယ်မောသူသည် ညနေတွင် ငိုရသည်။

He knows nothing who does not go out.
အပြင်သို့မသွားသူသည် ဘာကိုမှ မသိ။

Bad news has wings.
သတင်းဆိုးများတွင် တောင်ပံများ ရှိသည်။ (သတင်းဆိုးသည် လျင်မြန်စွာ ရောက်သည်ကို ဆိုလိုသည်။)

He comes quickly enough to the house who brings bad news.
သတင်းဆိုးများကို သယ်ဆောင်လာသူသည် အိမ်သို့ အမြန်ဆုံး လာသည်။

He comes to the door too quicky who brings bad news.
အထက်ပါစကားပုံ၏ အဓိပ္ပါယ်အတိုင်း ဖြစ်သည်။

To know the price of money one must be compelled to borrow some.
ငွေ၏တန်ဖိုးကို သိရန်အတွက် ငွေကို ချေးငှားခိုင်းသင့်သည်။

Nothing falls into the mouth of a sleeping fox.
အိပ်နေသော မြေခွေး၏ ပါးစပ်အတွင်းသို့ ဘာမျှကျလာမည်

www.burmeseclassic.com

www.burmeseclassic.com



It is better to be lucky than wise.
ဉာဏ်ပညာရှိခြင်းထက် ကံကောင်းခြင်းက ပို၍ကောင်းသည်။

It is better to try to forget your troubles than to speak of them
သင်၏ဒုက္ခများကို ဖွင့်အံပြောပြသည်ထက် မေ့ပျောက်နိုင်အောင်ကြိုးစားခြင်းသည် ပို၍ကောင်းသည်။

When a thing is lost people take advice.
ပစ္စည်းတစ်ခုပျောက်သွားပြီးမှ လူများသည် အကြံယူတတ်ကြသည်။

To the last comer the bones.
နောက်ဆုံးလာသူအတွက် အရိုးများသာ ကျန်သည်။

Kings have long hands.
ရှင်ဘုရင်များတွင် ရှည်သောလက်များ ရှိသည်။ (ဆိုလိုသည်မှာ ဘုရင်များသည် ဩဇာအာဏာရှိသည်ဟူ၍ဖြစ်သည်။)

A learned fool is a greater fool than an ignorant fool.
စာပေကျမ်းဂန် လေ့လာလိုက်စားသည့် လူရူးလူမိုက်တစ်ယောက်သည် ဘာမျှမသိသည့် လူရူးလူမိုက်ထက်သာသည့် လူရူးလူမိုက်ဖြစ်သည်။

Do not wake a sleeping cat.
အိပ်နေသော ကြောင်တစ်ကောင်ကို မနှိုးပါနှင့်။



Long absence changes a friend.
ကာလကြာမြင့်စွာ ကွဲကွာနေခြင်းသည် မိတ်ဆွေတစ်ဦး၏စိတ်ကို ပြောင်းလဲစေသည်။

Love, a cough, and gall cannot be hid.
ချစ်ခြင်း၊ မုန်းခြင်းနှင့် ချောင်းဆိုးခြင်းတို့ကို ဖုံးကွယ်ထား၍မရ။

A good cause needs help.
ကောင်းမွန်သည့် ကျိုးကြောင်းတစ်ခုတွင် အကူအညီလိုသည်။

Misfortunes comes on horseback and goes away on foot.
ကံဆိုးမှုသည် မြင်း၏ကျောကုန်းပေါ်မှ လာ၍ ခြေကျင်ပြန်ထွက်သွားသည်။

You cannot draw oil from a wall.
သင်သည် ရေတွင်းတစ်တွင်းမှ နေ၍ ဆီကို မခပ်နိုင်။

Gourmands make their grave with their teeth.
အစားခုံမင်သူများသည် ၎င်းတို့၏ဂူကို ၎င်းတို့၏သွားများဖြင့်ပြုလုပ်ကြသည်။

Yes and No are quickly said, but think long before saying them.
"ဟုတ်တယ်" နှင့် "မဟုတ်ဘူး" ကို လျင်မြန်စွာ ပြောဆိုကြသည်။ သို့သော် ၎င်းစာလုံးများကိုမပြောမီ ကြာရှည်စွာစဉ်းစားပါ။

www.burmeseclassic.com

www.burmeseclassic.com



You catch no hares with drum.
သင်သည် ယုန်ကို ဗင်ဖြင့်ဖမ်း၍ မိမည်မဟုတ်။

Women, money and wine have their pleasure and their poison.
မိန်းမများ၊ ငွေနှင့် ဝိုင်အရက်တို့တွင် ၎င်းတို့၏ သာယာမှုများနှင့် အဆိပ်များ ရှိသည်။

Who has no heart has legs.
သတ္တိမရှိသူတွင် ခြေထောက်များ ရှိသည်။

While the dogs are snarling at each other, the wolf devours the sheep.
ခွေးများသည် တစ်ကောင်နှင့်တစ်ကောင် ဟောင်နေစဉ်အတွင်း ဝံပုလွေသည် သိုးများကို စားသည်။

It is better to be the hammer than the evil.
ဒုစရိုက်ဖြစ်ခြင်းထက် တူဖြစ်ရခြင်းက ပို၍ကောင်းသည်။

Robbers quarrel and robberies are discovered.
ဓားပြများ ရန်ဖြစ်ကြပြီးနောက် ဓားပြမှုများ ပေါ်ကုန်သည်။

True love is never forgotten though long absence.
စစ်မှန်သည့်အချစ်သည် ကာလရှည်ကြာစွာ ကွဲကွာနေသည့်တိုင်အောင် ဘယ်သောအခါမှ မမေ့ပျောက်။

Women can accomplish all, because they rule the persons who govern all.
မိန်းမများသည် အရာရာကို ပြီးစီးအောင် လုပ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အရာရာကို ချုပ်ကိုင်ထားသူ အားလုံးကို ချုပ်ကိုင်ထားသောကြောင့် ဖြစ်သည်။



Fear is a great inventor.
ကြောက်လန့်ခြင်းသည် ကြီးကျယ်သည့် တီထွင်ရှင်ကြီး တစ်ဦးဖြစ်သည်။

A hundred years are long, but never is a great deal.
နှစ်တစ်ရာသည် အလွန် ရှည်ကြာသည်။ သို့သော် "ဘယ်တော့မှ" ဟူသည်မှာ ပို၍ရှည်ကြာသည်။

He who is ashamed to eat is ashamed to live.
စားသောက်ရန် ရှက်ကြောက်သူသည် နေထိုင်ရန် ရှက်ကြောက်သူ ဖြစ်သည်။

You should never speak of rope in the family of one who has been hanged.
ကြိုးပေးခံရသူ၏ မိသားစုရှေ့တွင် သင်သည် ကြိုးအကြောင်းကို ဘယ်သောအခါမှ မပြောသင့်။

He is a good thief who robs a thief.
သူခိုးတစ်ယောက်ထံမှ လုယူသောသူခိုးသည် သူခိုးကောင်းတစ်ဦး ဖြစ်သည်။

Who knows not to obey knows not to command.
နာခံရမည်ကိုမသိသူသည် အမိန့်ပေးရမည်ကို မသိ။

The good time will come.
အချိန်ကောင်းသည် လာလိမ့်မည်။

There is a remedy for everything except death.
သေခြင်းတရားမှလွဲ၍ အရာရာတွင် ဆေးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



It is ill to limp before the lame.
ခြေကျိုးနေသူ၏ ရှေ့၌ ထော့နဲ့ထော့နဲ့နှင့်သွားခြင်းသည် မကောင်း။

One cannot please all the world and his father.
တစ်စုံတစ်ယောက်သည် ကမ္ဘာကြီးနှင့် သူ၏ဖခင်ကို ကျေနပ်အောင် မလုပ်။

To a brave heart nothing is impossible.
ရဲရင့်သောသူအတွက် မဖြစ်နိုင်ဟူသောအရာ မရှိ။

You beat the bushes, but someone else gets the birds.
သင်သည် ချုံဖုတ်များကို ရိုက်သည်။ သို့သော် တစ်စုံတစ်ယောက်က ငှက်များကို ရသွားသည်။

The soup is often lost between the hand and the mouth.
တစ်ခါတစ်ရံ၌ စွပ်ပြုတ်သည် လက်နှင့်ပါးစပ်ကြား၌ ဖိတ်တတ်သည်။

Who gives pleasure requires pleasure.
ပျော်ရွှင်သာယာမှုပေးသူသည် ပျော်ရွှင်သာယာမှု လိုအပ်သည်။

I can tell by my pot how the others boil.
အခြားအိုးများ မည်သို့ဆူသည်ကို ကျွန်ုပ်၏အိုးဖြင့် ပြောနိုင်သည်။



You cannot make an ass drink when he does not wish to.
မြည်း ရေမသောက်ချင်နေတုန်း သင်သည် ၎င်းရေသောက်နိုင်အောင် လုပ်နိုင်မည် မဟုတ်။

It is no good leading the ox to the water it he is not thirsty.
နွားထီး ရေမဆာဘဲနှင့် သင်သည် ၎င်းအား ရေရှိရာသို့ ခေါ်ဆောင်သွားရန် မကောင်း။

Convenience makes thieves.
အဆင်ပြေမှုများသည် သူခိုးများကို မွေးထုတ်ပေးသည်။

Hearsay goes every where.
တခြားလူထံမှ ကြားလာရသည့် စကား (ကောလာဟလကဲ့သို့ စကား)သည် နေရာတိုင်းသို့ ရောက်သည်။

Paris was not made in one day.
ပဲရစ်မြို့ကို တစ်ရက်တည်းဖြင့် တည်ဆောက်ခဲ့သည် မဟုတ်။

Nothing more eloquent than ready money.
အသင့်ရှိနေသည့် ငွေလောက် ဘာမှ အာဝဇ္ဇန်း မရှင်။

A tree often removed will hardly bear good fruit.
မကြာခဏ ရွှေ့ပြောင်း၍ စိုက်သည့်သစ်ပင်မှ အသီးကောင်း သီးခဲသည်။

Take a woman's first advice and not the second.
အမျိုးသမီးတစ်ဦး၏ ပထမပေးသည့် အကြံဉာဏ်ကို လက်ခံပါ။ ဒုတိယ အကြံဉာဏ်ကို လက်မခံပါနှင့်။

www.burmeseclassic.com



Night gives counsel.
ညသည် အကြံကောင်း ပေးသည်။

So many heads, so many counsels.
ဦးခေါင်းများ များလေလေ၊ အကြံဉာဏ်များ များလေလေ ဖြစ်သည်။

The absent are always in the wrong.
မရှိနေသူများသည် အမြဲမှားနေသည်။

* * *



# G

## GERMAN PROVERBS
ဂျာမန် စကားပုံများ

The best friends are in the purse.
အကောင်းဆုံးမိတ်ဆွေသူငယ်ချင်းများသည် ပိုက်ဆံအိတ် အတွင်း၌ ရှိသည်။

The eyes believe themselves; the ears believe other people.
မျက်စိများသည် ၎င်းတို့ကိုယ် ၎င်းတို့ ယုံကြည်ကြပြီး နားများ သည် အခြားလူများကို ယုံကြည်ကြသည်။

Poverty is the sixth sense.
ဆင်းရဲငတ်မွတ်ခြင်းသည် ဆဋ္ဌမအာရုံ ဖြစ်သည်။

Speech is silver, silence is golden; speech is human, silence is divine.
စကားပြောခြင်းသည် ငွေဖြစ်ပြီး တိတ်ဆိတ်ခြင်းသည် ရွှေ ဖြစ်သည်။ စကားပြောခြင်းသည် လူသားပီသပြီး တိတ်ဆိတ် ခြင်းသည် ဘုရားသခင် ဆန်သည်။

www.burmeseclassic.com

www.burmeseclassic.com



When a dove begins to associate with crows its feathers remain white but its heart grows black.
ချိုးတစ်ကောင်သည် ကျီးကန်းနှင့် ပေါင်းဖက်သောအခါ သူ၏ အတောင်များမှာ အဖြူရောင်ပင် ဖြစ်နေသော်လည်း သူ၏ နှလုံးသားမှာ အမည်းရောင် ဖြစ်သွားသည်။

Work has a bitter root but sweet fruit.
အလုပ်တွင် ခါးသည့် အမြစ်ရှိသော်လည်း ချိုသည့် အသီး ရှိသည်။

Never give advice unless asked.
မမေးဘဲနှင့် အကြံမပေးပါနှင့်။

Even the lion has to defend himself against flies.
ခြင်္သေ့ပင်လျှင် ယင်ကောင်များ၏ အန္တရာယ်ကို ကာကွယ်ရ သေးသည်။

Weeping bride, laughing wife; laughing bride, weeping wife.
ငိုရသော သတို့သမီးသည် ရယ်ရသော ဇနီးမယားဖြစ်သည်။ ရယ်ရသော သတို့သမီးသည် ငိုကြွေးရသော ဇနီးမယား ဖြစ်ရသည်။

Beauty is a good letter of introduction.
လှပခြင်းသည် ကောင်းမွန်သည့် မိတ်ဆက်စာ တစ်စောင် ဖြစ်သည်။



A hearth of your own and a good wife are worth gold and pearls.
သင်၏ ကိုယ်ပိုင်မီးဖိုချောင်နှင့် ဇနီးကောင်းတစ်ဦး ရှိခြင်း သည် ရွှေနှင့် ပုလဲများကဲ့သို့ တန်ဖိုးရှိသည်။

A hedge is a good thing between neighbours gardens.
ဆူးချုံခြံစည်းရိုးသည် အိမ်နီးနားချင်းပန်းခြံများ ကြားရှိ ကောင်းသည့်အရာ ဖြစ်သည်။

A little too late is much too late.
အနည်းငယ်နောက်ကျခြင်းသည် အလွန်နောက်ကျခြင်း ဖြစ်သည်။

After dinner you must stand while, or walk a thousand paces.
ညစာစားပြီးနောက် သင်သည် မတ်တတ်ခဏရပ်သင့်သည်။ သို့မဟုတ် ခြေလှမ်းတစ်ထောင် လျှောက်သင့်သည်။

Speaking to the truth is useful to the hearer, harmful to the speaker..
အမှန်တရားကိုပြောခြင်းသည် နားထောင်သူအတွက် အကျိုးရှိ သော်လည်း ပြောသူအတွက် အန္တရာယ်များသည်။

Better the child should cry than the father.
အဖေငိုမည်ထက် ကလေးငယ်ငိုမည်က ပို၍ကောင်းသေး သည်။

www.burmeseclassic.com

www.burmeseclassic.com

Better ask twice than go wrong once.
တစ်ကြိမ် အသွားမှားခြင်းထက် နှစ်ကြိမ်မေးခြင်းက ပို၍ ကောင်းသေးသည်။

Buy when it is market time.
ဈေးချိန်၌ ဈေးဝယ်ပါ။

Children and fools say the truth.
ကလေးငယ်များနှင့် အရူးများသည် အမှန်တရားကို ပြောသည်။

Everyone is wise afterwards.
လူတိုင်းသည် တစ်စုံတစ်ရာ ဖြစ်ပျက်ပြီးနောက် ပညာရှိကြသည်။

Fortune and women have a delight in fools.
ကံကြမ္မာနှင့် မိန်းမများ၌ လူရူးလူမိုက်များကို အလေးပေးသည်။

The physician takes the fee, but God sends the cure.
ဆရာဝန်သည် ဆေးကုခကို ယူသည်။ ဘုရားသခင်သည် ဆေးကုပေးသည်။

Great fish are caught in great waters.
ငါးကြီးများကို ရေနက်ပိုင်း၌ ဖမ်းမိသည်။

Great talkers are commonly liars.
စကားပြော အလွန်ကောင်းသူများသည် များသောအားဖြင့် လိမ်ညာပြောဆိုသူများ ဖြစ်သည်။



Great trees give more shade than fruits.
သစ်ပင်ကြီးများသည် အသီးများထက်ပို၍ အရိပ်အာဝါသ ပေးသည်။

Good counsels is never too late.
ကောင်းသည့်အကြံဉာဏ်သည် ဘယ်သောအခါမှ နောက်မကျ။

Early marriage, long live.
စောစီးစွာ အိမ်ထောင်ပြုခြင်းသည် အချစ်တာရှည်သည်။

Who wins plays best.
အနိုင်ရသူသည် အကောင်းဆုံး ကစားသည်။

Better a friendly refusal than an unwilling promise.
မပေးချင်ပေးချင်ဖြင့် ပေးသည့် ကတိထက် ရင်းနှီးစွာ ငြင်းဆန်မှုက ပို၍ကောင်းသည်။

He that would cheat a Jew, must be a Jew.
ဂျူးတစ်ယောက်ကို လိမ်ညာနိုင်သူသည် ဂျူးတစ်ယောက် ဖြစ်လိမ့်မည်။

They quarrel about an egg and let the hen fly.
ကြက်ဥတစ်လုံးနှင့် သူတို့သည် ရန်ဖြစ်ကြရာ ကြက်မ လွတ်မြောက်သွားစေသည်။

Princes have long hands and many ears.
မင်းသားများတွင် ရှည်လျားသော လက်များနှင့် နားပေါင်းများစွာ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



Learned fools are above all fools.

လေ့လာဆည်းပူးမှု ရှိသည့် အရူးများသည် အခြား အရူးများထက် သာလွန်သည်။

Let the dog sleep.

ခွေး အိပ်နေပါစေ။

Life means strife.

ဘဝဟူသည် တိုက်ပွဲဖြစ်သည်။

Small and frequent gains are better than large ones and seldom.

နည်းသော်လည်း ခဏခဏရခြင်းသည် တစ်ခါတစ်လေမှ များစွာ ရခြင်းထက် ပို၍ကောင်းသည်။

Lies have short legs.

မိသာမှုများတွင် တိုသောခြေထောက်များ ရှိသည်။

A handful of might is better than a sackful of right.

လက်တစ်ဆုပ်စာရှိသော ခွန်အားသည် အိတ်တစ်အိတ်ရှိသော အမှန်တရားထက် ပို၍ကောင်းသည်။

The strongest has right.

ခွန်အားအကောင်းဆုံးလူတွင် အမှန်တရား ရှိသည်။

More are drowned in the goblet than in the sea.

လူအတော်များများသည် ပင်လယ်ထဲတွင် ရေနစ်သေသည်ထက် ခွက်အတွင်း၌ နစ်သေသည်က ပို၍များသည်။



It is not good to be always wise.

အမြဲတမ်း ဉာဏ်ပညာရှိနေဖို့ မကောင်း။

Without pains, no prize.

ပင်ပန်းမှုများ မရင်းနှီးဘဲဖြင့် ဘာဆုမှ မရနိုင်။

The will is the soul of the work.

ဆန္ဒသည် အလုပ်၏အသက် ဖြစ်သည်။

First consider, then begin.

ပထမ စဉ်းစားပါ။ ထို့နောက် စတင်ပါ။

Love can do much, gold can do every-thing.

အချစ်သည် အရာဝတ္ထုတော်တော်များများကို ပြုလုပ်နိုင်သည်။ ရွှေသည် အရာအားလုံးကို ပြုလုပ်နိုင်သည်။

The more laws the less justice.

ဥပဒေများ များလေလေ၊ တရားမျှတမှု နည်းလေလေ ဖြစ်သည်။

Warm yourself while the fire burns.

မီးမွှေးထားတုန်း သင်၏ကိုယ်ကို နွေးထွေးအောင်လုပ်ပါ။

Man is an animal of habits.

လူသည် အလေ့အကျင့်၏တိရစ္ဆာန်တစ်ကောင် ဖြစ်သည်။

Old pigs have hard snouts.

အသက်ကြီးသည့်ဝက်များတွင် မာကျောသည့် နှာခေါင်းနှင့် ပါးစပ်များ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

Old wounds bleed easily.

အနာဟောင်းများသည် သွေးလွယ်ကူစွာ ထွက်သည်။

Who steals once, remains a thief.

တစ်ကြိမ်ခိုးဖူးသူသည် အမြဲ သူခိုး ဖြစ်သွားသည်။

One dog growls when the other goes into the kitchen.

အခြားခွေးများ မီးဖိုချောင်အတွင်းသို့ ဝင်သွားသောအခါ ခွေးတစ်ကောင်သည် မာန်ဖီသည်။

Who ventures win.

ရဲရင့်သူသည် အနိုင်ရသည်။

One father supports ten children better than ten children one father.

သား ဆယ်ယောက်က ဖခင်တစ်ယောက်ကို ထောက်ပံ့သည်ထက် ဖခင် တစ်ယောက်က သား ဆယ်ယောက်ကို ကျွေးမွေးနိုင်သည်။

One half of the world laughs at the other half.

ကမ္ဘာကြီးတစ်ဝက်မှလူများသည် ကျန်လူတစ်ဝက်ကို ပြက်ရယ်ပြုသည်။

One crow does not make a winter.

ကျီးကန်းတစ်ကောင်တည်းဖြင့် ဆောင်းရာသီဖြစ်အောင် မလုပ်နိုင်။



One Today is better than ten "Tomorrows."

"ဒီနေ့တစ်ရက်" သည် "နက်ဖြန်" ဆယ်ရက်ထက် ပို၍ ကောင်းသည်။

Cunning surpasses strength.

ကောက်ကျစ်ခြင်းသည် အင်အားကို အနိုင်ယူသည်။

Poverty is not happiness, and riches are not disgrace.

ဆင်းရဲခြင်းသည် ပျော်ရွှင်စရာ မဟုတ်။ ချမ်းသာခြင်းသည် ရှက်ဖွယ် မဟုတ်။

Practice makes the master.

လေ့ကျင့်ခြင်းသည် ကျွမ်းကျင်သူ ဖြစ်စေသည်။

Old tree must not be transplanted.

သစ်ပင်အိုကို ပြောင်းရွှေ့စိုက်၍ မရ။

Saying and doing are two different things.

ပြောခြင်း နှင့် လုပ်ခြင်းသည် ကွဲပြားသည့်အရာနှစ်ခု ဖြစ်သည်။

You must not sell the bearskin before the bear is killed.

ဝက်ဝံကိုမသတ်ရသေးဘဲ ဝက်ဝံ၏အရေခွံကို သင် မရောင်းပါနှင့်။

www.burmeseclassic.com

www.burmeseclassic.com

With a rogue you must catch a rogue.
လူမိုက်တစ်ယောက်ဖြင့် သင်သည် အခြားလူမိုက်တစ်ယောက်ကို ဖမ်းမိနိုင်သည်။

Cunning overcomes might.
ကောက်ကျစ်ခြင်းသည် အင်အားကို အနိုင်ယူသည်။

What the lion cannot, the fox can.
ခြင်္သေ့မလုပ်နိုင်သည်ကို မြေခွေးက လုပ်နိုင်သည်။

Good counsel comes overnight.
အကြံကောင်းသည် ညတွင် ထွက်ပေါ်သည်။

Beginning hot, middle lukewram, ending cold.
အစတွင် ပူသည်၊ အလယ်တွင် နွေးသည်၊ အဆုံးတွင် အေးသည်။

Keep silence, or say something better than silence.
ဆိတ်ဆိတ်နေပါ၊ (သို့မဟုတ်) ဆိတ်ဆိတ်နေခြင်းထက် ကောင်းသည့်စကားကို ပြောပါ။

Speak little, speak the truth; spend little, pay cash.
နည်းနည်း ပြောပါ၊ အမှန်တရားကို ပြောပါ၊ နည်းနည်း သုံးပါ၊ ငွေကို လက်ငင်းပေးပါ။

Dumb dogs and still waters are dangerous.
မဟောင်ဘဲနေသော ခွေးများနှင့် ငြိမ်သက်နေသော ရေပြင်များသည် အန္တရာယ်ရှိသည်။



Who will mount the ladder must needs begin at the lowest step.
လှေကားတက်လိုသူသည် အနိမ့်ဆုံးအထစ်မှ စတင်တက်ရန် လိုသည်။

Sweep under your own mats.
သင်၏ဖျာများကို လှည်းကျင်းပါ။

When you mention the wolf, then he comes.
ဝံပုလွေအကြောင်း ပြောသောအခါ ဝံပုလွေ ရောက်လာသည်။

The more law, the less right.
ဥပဒေ များလာလေလေ၊ အမှန်တရား နည်းလာလေလေ ဖြစ်သည်။

The unlooked-for often comes.
မမျှော်သင့်သူသည် ရောက်လာတတ်သည်။

The weeping bride makes a laughing wife.
ငိုရသောဇနီးသည် သတို့သမီးသည် ရယ်မောရသော ဇနီးသည် ဖြစ်လာသည်။

Too much wisdom is folly.
ဉာဏ်ပညာအလွန်ရှိခြင်းသည် မိုက်မဲခြင်း ဖြစ်သည်။

They that tease each other, love each other.
တစ်ဦးနှင့်တစ်ဦး ကျီစယ်နောက်ပြောင်သူများသည် တစ်ဦးနှင့်တစ်ဦး ချစ်ခင်သည်။

www.burmeseclassic.com

www.burmeseclassic.com



The tree must be bent while it is young.
သစ်ပင်ငယ်နေတုန်း ကွေးအောင်လုပ်၍ ရသည်။

Time heals all.
အချိန်သည် အရာရာကို ကုစားသည်။

Time, ebb, and flood wait for no man.
အချိန်၊ လှိုင်းနှင့် ရေကြီးခြင်းသည် မည်သူ့ကိုမျှ မစောင့်။

Tomorrow is a long day.
နက်ဖြန်သည် အလွန်ရှည်ကြာသော နေ့ ဖြစ်သည်။

Who asks many questions get man answers.
မေးခွန်းများစွာမေးသူသည် အဖြေများစွာ ရသည်။

Blind zeal only does harm.
မျက်ကန်းတောတိုး ကြိုးစားအားထုတ်မှုသည် အန္တရာယ် ဖြစ်စေသည်။

Old love does not rust.
ငယ်ချစ်သည် မပျောက်ပျက်။

Boldly attempted is half won.
ရဲဝံ့စွာအားထုတ်ခြင်းသည် တစ်ဝက်အောင်မြင်သည်။

What man's hand has made, man's hand can destroy.
လူ့လက်က လုပ်သည်ကို လူ့လက်က ဖျက်ဆီးနိုင်သည်။

What you see in the mirror is not in the mirror.
မှန်ထဲတွင် သင်တွေ့သောအရာသည် မှန်ထဲတွင် မရှိ။



When misfortune enters the house, love flies out.
ကံဆိုးမှုသည် အိမ်ထဲသို့ဝင်လာသောအခါ အချစ်သည် ထွက်ပြေးသွားသည်။

He who is willing is able.
ဆန္ဒရှိသူသည် တတ်နိုင်သည်။

Who has never tasted what is bitter does not know what is sweet.
အခါးကို လုံးဝမြည်းမကြည့်ဖူးသူသည် ချိုသည့်အရသာကို လုံးဝမသိ။

The blind horse goes straight on.
မျက်စိမမြင်သည့်မြင်းသည် ဖြောင့်ဖြောင့်သွားသည်။

It is difficult to teach an old dog to bark.
ခွေးအိုတစ်ကောင်ကို အဟောင်သင်ပေးရန်မှာ ခက်ခဲသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## GREEK PROVERBS

## ဂရိ စကားပုံများ

The old age of an eagle is as good as the youth of a sparrow.

လင်းယုန်တစ်ကောင်၏ အိုမင်းရင့်ရော်ခြင်းသည် စာကလေး တစ်ကောင်၏ ငယ်ရွယ်နုပျိုခြင်းကဲ့သို့ပင် ကောင်းမွန်သည်။

A tall man is a fool.

အရပ်ရှည်သူတစ်ဦးသည် လူရူးလူမိုက်တစ်ဦး ဖြစ်သည်။

He who is about to marry is on his way to repentance.

လက်ထပ်တော့မည့်သူသည် နောင်တရမှုလမ်းမပေါ်၌ စတင် ရောက်ရှိနေသူ ဖြစ်သည်။

From seeing comes loving.

မြင်ခြင်းမှ ချစ်ခြင်း ဖြစ်လာသည်။

In wine there is truth.

ဝိုင်အရက်၌ အမှန်တရား ရှိသည်။

Obedience produces success.

နာခံခြင်းသည် အောင်မြင်မှုကို မွေးဖွားပေးသည်။

The gifts of enemies are not gifts, and have no value.

ရန်သူများက ပေးသည့် လက်ဆောင်ပစ္စည်းများသည် လက်ဆောင်ပစ္စည်းများ မဟုတ်သဖြင့် တန်ဖိုးမရှိ။



We live not as we desire, but as we can.

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ဆန္ဒရှိသလို နေရခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့တတ်နိုင်သလောက် နေ,နေရခြင်းဖြစ်သည်။

The sea, and fire, and woman, are three evils.

ပင်လယ်၊ မီးနှင့် မိန်းမတို့သည် မကောင်းဆိုးဝါး သုံးခု ဖြစ်သည်။

History is philosophy derived from examples.

သမိုင်းဆိုသည်မှာ နမူနာများမှ ဆင်းသက်လာသည့်ဒဿနိက ဖြစ်သည်။

Peace is the most profitable of things.

ငြိမ်းချမ်းရေးသည် အရာအားလုံးအနက် အကျိုးအရှိဆုံး အရာ ဖြစ်သည်။

When the candle is taken away, every woman is alike.

ဖယောင်းတိုင်ကို အဝေးသို့ ယူဆောင်သွားသောအခါ အမျိုးသမီးတိုင်းသည် အတူတူပင် ဖြစ်သည်။

Do not give a sword to a child.

ကလေးငယ်တစ်ဦးကို ဓားရှည်တစ်လက် မပေးပါနှင့်။

Let not the praise be before the victory.

အောင်မြင်သူ၏ရှေ့တွင် ချီးကျူးခြင်းမပြုပါနှင့်။

Let not the shoe be larger than the foot.

ဖိနပ်သည် ခြေထောက်ထက် မကြီးပါစေနှင့်။

www.burmeseclassic.com

www.burmeseclassic.com



The wise man alone is free, and every fool is a slave.

ပညာရှိသူသာ လွတ်မြောက်ပြီး လူရူးလူမိုက်တိုင်းသည် ကျေးကျွန် ဖြစ်သည်။

A crooked stick can never be made straight.

ကောက်နေသော တုတ်ကို ဘယ်သောအခါမှ ဖြောင့်အောင် မလုပ်နိုင်။

He who shuns the millstone shuns the meal.

လေးလံသည့် ဝန်ထုပ်ဝန်ပိုးကို ရှောင်ရှားသူသည် အစားအစာကို ရှောင်ရှားသူဖြစ်သည်။

Those who are thirsty drink in silence.

ရေဆာလောင်နေသူများသည် တိတ်ဆိတ်ငြိမ်သက်စွာ သောက်ကြသည်။

Not knowledge, but practice.

ဗဟုသုတ မဟုတ်။ အလေ့အကျင့်သာ ဖြစ်သည်။

Everything ancient is to be respected.

ရှေးကျသော အရာမှန်သမျှ တန်ဖိုးထားသင့်သည်။

The wealth of the mind is the only true wealth.

စိတ်ချမ်းသာခြင်းသည် အမှန်တကယ် ချမ်းသာမှုပင် ဖြစ်သည်။

White hairs are a sign of age, not wisdom.

ဆံပင်ဖြူများသည် အသက်အရွယ်၏ သင်္ကေတ ဖြစ်သည်။ ဉာဏ်ပညာ မဟုတ်။



To say harsh things soothingly.

ဆိုးရွားသည့်အကြောင်းအရာများကို ချိုသာပျော့ပျောင်းစွာ ပြောပြပါ။

Hunger is a teacher of many things.

ဆာလောင်မွတ်သိပ်ခြင်းသည် အရာများစွာ၏ ဆရာ ဖြစ်သည်။

Stir not the fire with a sword.

မီးကို ဓားရှည်နှင့် မဆွနှင့်။

A word out of season may mar the course of a whole life.

အချိန်အခါမသင့်လျော်ဘဲ ပြောသည့်စကားသည် ဘဝတစ်ခုလုံးကို ထိခိုက်နစ်နာစေသည်။

For male children are the prop of a house.

ယောက်ျားလေး ကလေးငယ်များသည် အိမ်တစ်အိမ်၏ ထောက်တိုင် ဖြစ်သည်။

Insolence is the precursor of destruction.

ရိုင်းပျခြင်းသည် အနာဂတ်ကို ဖျက်ဆီးသည့်အရာ ဖြစ်သည်။

The words of poor men are in vain.

ဆင်းရဲသူများ၏စကားသည် အချည်းနှီး။

Things good are difficult.

ကောင်းမွန်သည့်အရာများသည် ခက်ခဲသည်။

www.burmeseclassic.com

www.burmeseclassic.com


Gray hair is a sign of age, not of wisdom.
အုန်းခွဲရောင် ဆံပင်များသည် အသက်အရွယ်၏ သင်္ကေတ ဖြစ်သည်။ ဉာဏ်ပညာရှိခြင်း မဟုတ်။

A fox is not caught in the snare more than once.
မြေခွေးတစ်ကောင်ကို ထောင်ချောက်ဖြင့် တစ်ကြိမ်သာ ဖမ်း၍ရမည်။

In the land of the blind the one-eyed is king.
မျက်စိမမြင်သူတို့ကြား၌ မျက်လုံးတစ်လုံးရှိသူသည် ဘုရင် ဖြစ်သည်။

Remember to distrust.
မယုံကြည်ရန် သတိရပါ။

In night there is counsel.
ညအချိန်၌ တိုင်ပင်ရန် အကောင်းဆုံး ဖြစ်သည်။

Time is the great teacher.
အချိန်သည် အကောင်းဆုံးဆရာ ဖြစ်သည်။

* * *

# H

## HEBREW PROVERBS
**ဟီဘရူး စကားပုံများ**

One bird in the net is better than a hundred flying.
ပိုက်ကွန်ထဲမှ ငှက်တစ်ကောင်သည် ပျံသန်းနေသည့် ငှက် အကောင်တစ်ရာထက် ပို၍ကောင်းသည်။

He that has been bitten by a serpent fears a rope.
မြွေခွေးတစ်ကောင်၏ ကိုက်ခံရဖူးခြင်း ခံရသူတစ်ဦးသည် ကြိုးတစ်ချောင်းကို ကြောက်သည်။

An old man is a house is a good sign in a house.
အိမ်တစ်အိမ်၌ သက်ကြီးရွယ်အိုတစ်ဦးရှိခြင်းသည် ကောင်းမွန်သည့် အရိပ်လက္ခဏာဖြစ်သည်။

Choose rather to be the tail of lions than the head of foxes.
မြေခွေးများ၏ ဦးခေါင်းများဖြစ်ရန်ထက် ခြင်္သေ့၏ အမြီး ဖြစ်ရန် ရွေးချယ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



Do not dwell in a city whose governor is a physician.
ဆရာဝန်က ဘုရင်ခံ တက်ဖြစ်နေသည့်မြို့၌ မနေထိုင်ပါနှင့်။

Do not speak of secret matters in a field that is full of little hills.
တောင်ကုန်းငယ်များ ရှိနေသည့်နေရာ၌ လျှို့ဝှက်သည့် အကြောင်းများကို မပြောပါနှင့်။

If I had not lifted up the stone, you had not found the jewel.
အကယ်၍ ကျွန်ုပ်သည် ကျောက်တုံးကို မ,မခဲ့လျှင် သင်သည် ကျောက်သံ့ပတ္တမြားများကို တွေ့မည်မဟုတ်။

It is not as your mother says, but as your neighbours say.
အဲဒါဟာ ခင်ဗျားအမေပြောတဲ့အတိုင်း မဟုတ်ဘူး၊ အိမ်နီးနားချင်းတွေပြောတဲ့အတိုင်းပါ။

Let the drunkard alone, and he will fall of himself.
အရက်သမားကို သူတစ်ယောက်တည်း နေပါစေ။ သူဘာသာသူ လဲကျသွားလိမ့်မည်။

Go down the ladder when you choose a wife; go up when you choose a friend.
ဇနီးတစ်ယောက်ကို ရွေးချယ်လျှင် သင်သည် လှေကား အောက်ကို ဆင်းသွားပါ။ မိတ်ဆွေတစ်ယောက်ကို ရွေးချယ်လျှင် သင်သည် အပေါ်သို့ တက်သွားပါ။



One sheep follows another.
သိုးတစ်ကောင်သည် အခြား သိုးတစ်ကောင်နောက်မှ လိုက်သည်။

If a word be worth one shekel, silence is worth two.
အကယ်၍ စကားတစ်လုံးသည် တစ်သျှစ်ကယ်တန်လျှင် နှုတ်ဆိတ်နေခြင်းသည် နှစ်သျှစ်ကယ်တန်သည်။ (သျှစ်ကယ်= ဂျူးသုံးငွေ)

The magician mutters, and knows not what he mutters.
မျက်လှည့်ဆရာသည် မန်းမှုတ်သည်။ သို့သော် သူသည် မန်းမှုတ်သည်များကို ဘာမှန်းမသိ။

Your friend has a friend, your friend's friend has a friend.
သင်၏သူငယ်ချင်းတွင် သူငယ်ချင်းတစ်ဦး ရှိသည်။ သင့်သူငယ်ချင်း၏ သူငယ်ချင်းတွင် သူငယ်ချင်းတစ်ယောက် ရှိသည်။

When an ass climbs a ladder, we may find wisdom in women.
မြည်းတစ်ကောင် လှေကားပေါ်သို့ တက်သွားသည့်အခါ၌ ကျွန်ုပ်တို့သည် မိန်းမများ၌ ပညာဉာဏ်ရှိသည်ကို တွေ့ရလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



While the dust is on your feet, sell what you have bought.
သင်၏ခြေထောက်ပေါ်တွင် ဖုန်များတက်လာပါက သင်ဝယ်ခဲ့သည့်အရာကို ရောင်းလိုက်ပါ။

While the shoe is on your foot, tread upon the throns.
သင်၏ခြေထောက်ကို ဖိနပ်စီးထားတုန်း ဆူးများပေါ်သို့နင်းပါ။

We may not except a good whelp from a bad dog.
ခွေးဆိုးတစ်ကောင်မှ ပေါက်ဖွားလာမည့် ခွေးလိမ္မာပေါက်စလေးတစ်ကောင်ကို ကျွန်ုပ်တို့ မမျှော်လင့်နိုင်။

* * *



## HINDU PROVERBS

### ဟိန္ဒူ စကားပုံများ

A woman's word is a bundle of water.
မိန်းမတစ်ယောက်၏ စကားသည် ရေများကို ချည်စည်းထားသည့် အစည်းတစ်စည်းသာ ဖြစ်သည်။

The greatest enmity is better than uncertain friendship.
ကြီးစွာသော မုန်းတီးမှုသည် မသေချာမရေရာသည့်မိတ်ဆွေအဖြစ်ထက် ပို၍ကောင်းသည်။

The deceitful have no friends.
လိမ်ညာလှည့်ဖြားသူများတွင် မိတ်ဆွေ မရှိ။

Is it necessary to add acid to the lemon?
သံပရာကို ငရဲမီးရောရန် လိုသေးလား။

Infatuation precedes destruction.
အရူးအမူးချစ်ခြင်းသည် စောစီးစွာ ပျက်စီးစေသည်။

The dam must be made before the flood comes.
ရေမကြီးခင် ရေတံခါးကို ကြိုလုပ်ထားရမည်။

As long as there is breath there is hope.
အသက်ရှင်နေသမျှကာလပတ်လုံး မျှော်လင့်ချက် ရှိသည်။

Will there be smoke where there is no fire?
မီးမရှိဘဲနှင့် မီးခိုး ရှိနိုင်ပါမည်လား။

www.burmeseclassic.com

www.burmeseclassic.com



When one door is shut a thousand are opened.
တံခါးတစ်ချပ် ပိတ်ထားသောအခါ တံခါးအချပ် တစ်ထောင် ဖွင့်ထားသည်။

What the eye has seen, the hand may do.
မျက်စိက မြင်သည်ကို လက်က လုပ်နိုင်သည်။

Truth will conquer; falsehood will kill.
အမှန်တရားသည် အောင်မြင်မည်။ လိမ်ညာမှုသည် ကျဆုံး လိမ့်မည်။

No one was ever ruined by speaking the truth.
အမှန်တရားကိုပြောသည့်အတွက် ပျက်စီးဖူးသူ မရှိ။

Turn the mill while there is sugar-cane.
ကြံချောင်းရှိနေတုန်း စက်ကို လည်ပတ်ပါ။

Desert not old friends for new ones.
မိတ်ဆွေသစ်များအတွက် မိတ်ဆွေဟောင်းများကို မစွန့်လွှတ် နှင့်။

There is a long way between doing and saying.
ပြောခြင်းနှင့် လုပ်ခြင်းကြား၌ ကွာဝေးသောခရီး ရှိသည်။

Silence does not make mistakes.
ဆိတ်ဆိတ်နေခြင်းသည် အမှားများ မဖြစ်။

If one knows, it is a secret; if two, it is public.
တစ်ယောက်တည်း သိလျှင် လျှို့ဝှက်ချက် ဖြစ်သည်။ နှစ်ယောက် သိလျှင် အားလုံးသိသည်။

* * *



## HUNGARIAN PROVERBS

တန်ဂေရီ စကားပုံများ

The wife of a careless man is almost a widow.
ပေါ့ပျက်ပျက်နိုင်သူ၏ဇနီးသည် မုဆိုးမလောင်း ဖြစ်သည်။

* * *

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# I

## ITALIAN PROVERBS

**အီတလီ စကားပုံများ**

Truth many languish, but can never perish.
အမှန်တရားသည် အားနည်းချင် နည်းမည်။ သို့သော် ဘယ်သောအခါမှ မကွယ်ပျောက်။

Try your friend with a falsehood, and if he keep it a secret tell him the truth.
မိတ်ဆွေတစ်ယောက်အား မဟုတ်မမှန်သည့် အကြောင်းတစ်ခုဖြင့် စမ်းကြည့်ပါ။ အကယ်၍ သူသည် ထိုအကြောင်းကို လျှို့ဝှက်ထားလျှင် သူ့အား အမှန်ကိုပြောပါ။

Women and wine intoxicate the young and old.
မိန်းမများနှင့် ဝိုင်အရက်သည် ကြီးကြီးငယ်ငယ် မူးယစ်စေသည်။

Yielding is sometimes the best way of succeeding.
အရှုံးပေးခြင်းသည် တစ်ခါတစ်ရံ၌ အောင်မြင်ရန် အကောင်းဆုံးနည်းလမ်းဖြစ်သည်။

Tell not all you know, nor do all you can.
သင် သိတာအားလုံးကို မပြောနှင့်။ လုပ်နိုင်တာအားလုံးကိုလည်း မလုပ်နှင့်။

The wise man knows he knows nothing, the fool thinks he knows all.
ပညာဉာဏ်ရှိသူသည် သူ ဘာမှ မသိဆိုသည်ကို သိသည်။ လူရူးလူမိုက်သည် အရာရာကို သူသိသည်ဟု ထင်သည်။

The wolf is said to be more terrible than he is.
ဝံပုလွေသည် ကြောက်စရာကောင်းသည်ထက် ပို၍ ကြောက်စရာကောင်းသည်ဟု ပြောကြသည်။

Trust not the praise of a friend, nor the contempt of an enemy.
မိတ်ဆွေတစ်ဦး၏ ချီးကျူးမှုကို မယုံနှင့်။ ရန်သူ၏ အထင်သေးစရာအချက်ကိုလည်း မယုံနှင့်။

From prudence, peace; from peace, abundance.
အသိရှိခြင်းကြောင့် ငြိမ်းချမ်းရေး ရရှိခြင်း၊ ငြိမ်းချမ်းရေးကြောင့် ပေါများကြွယ်ဝမှု ရရှိသည်။

He who commences many things, finishes but few.
အလုပ်များစွာလုပ်သူသည် အနည်းငယ်သာ ပြီးစီးလိမ့်မည်။

Humility often gains more than pride.
နှိမ့်ချခြင်းသည် တစ်ခါတစ်ရံ၌ မာနထားခြင်းထက် အကျိုးကျေးဇူး ရှိသည်။

If the eye do not admire, the heart will not desire.
မျက်စိက အထင်မကြီးလျှင် နှလုံးသားက မလိုလား။

www.burmeseclassic.com

www.burmeseclassic.com

It is better to do well than to play well.
ကောင်းစွာပေးခြင်းထက် ကောင်းစွာလုပ်ခြင်းက ပို၍ ကောင်းသည်။

It is more easy to threaten than to kill.
သတ်ရန်ထက် ခြိမ်းခြောက်ရန်မှာ ပို၍လွယ်ကူသည်။

Kings have long arms, and have many eyes and ears.
ဘုရင်များတွင် ရှည်သောလက်များနှင့် နား၊ မျက်စိများစွာ ရှိသည်။

Knowledge is silver among the poor, gold among the nobles, and a jewel among princes.
ဗဟုသုတသည် ဆင်းရဲသူများ၏အကြား၌ ငွေဖြစ်၍ ရာထူးရှိသူများကြား၌ ရွှေဖြစ်ကာ မင်းသားများ၏အကြား၌ ကျောက်သံပတ္တမြား ဖြစ်သည်။

Learn wisdom by the follies of others.
အခြားသူများ၏မိုက်မဲမှုဖြင့် ပညာယူပါ။

A glass of water is worth a tun of wine.
ရေတစ်ဖန်ခွက်သည် ဝိုင်အရက်ထည့်ထားသည့် ခွက်ကြီးတစ်ခွက်ထက် ပို၍တန်ဖိုးရှိသည်။

A good key is necessary to enter paradise.
သုခဘုံသို့ ဝင်ရောက်ရန်အတွက် ထိရောက်ကောင်းမွန်သည့် သော့တံတစ်ချောင်း လိုအပ်သည်။



A liar is not believed when he speaks the truth.
လိမ်ညာပြောဆိုသူတစ်ဦးသည် အမှန်ကို ပြောသည့်တိုင်အောင် ယုံကြည်ခြင်း မခံရပေ။

A white glove often conceals a dirty hand.
အဖြူရောင်လက်အိတ်သည် တစ်ခါတစ်ရံ၌ ညစ်ပတ်နေသည့်လက်ကို ဖုံးအုပ်ပေးထားသည်။

All are not saints that go to church.
ဘုရားရှိခိုးကျောင်းသို့သွားသူတိုင်း သူတော်ကောင်း မဟုတ်။

No wonder can last more than three days.
မည်သည့်အံ့သြဖွယ်မဆို သုံးရက်ထက် ပိုမခံ။

A drowning man will catch at razors.
ရေနစ်သူတစ်ဦးသည် သင်ဓုန်းဓားများကိုပင် ဆုပ်ကိုင်လိမ့်မည်။

A live ass is worth more than a dead doctor.
အသက်ရှင်နေသည့် မြည်းတစ်ကောင်သည် သေဆုံးသည့် ဆရာဝန်တစ်ဦးထက် ပို၍တန်ဖိုးရှိသည်။

Men make money and women save it.
ယောကျ်ားများသည် ငွေကိုရှာဖွေကြ၍ မိန်းမများသည် ငွေကို စုကြသည်။

A cat in gloves will never catch mouse.
လက်အိတ်စွပ်ထားသည့် ကြောင်သည် ကြွက်ကို ဘယ်သောအခါမှ ဖမ်းမမိ။

www.burmeseclassic.com

A hundred cartloads of anxiety will not pay an ounce of debt.
ပူပင်မှု လှည်းအစီးတစ်ရာသည် ကြွေးတစ်အောင်စကို မပေးနိုင်။

A hundred hours of worry will not pay a farthings worth of debt.
စိတ်ပူမှု နာရီတစ်ရာသည် တစ်ဖာသင်နှင့် ညီမျှသည့် အကြွေးကို မပေးနိုင်။ (တစ်ဖာသင် = အင်္ဂလန်သုံး ငွေဟောင်း)

A beaten dog is afraid of the stick's shadow.
အရိုက်ခံရဖူးသောခွေးသည် တုတ်၏အရိပ်ကို ကြောက်သည်။

Among thorns grow the roses.
ဆူးများကြားတွင် နှင်းဆီပန်းများ ပွင့်သည်။

Girls and glass are always in danger.
မိန်းကလေးငယ်များနှင့် ဖန်ထည်များသည် အမြဲတမ်း အန္တရာယ် ရှိသည်။

Absence is the enemy of love.
ကွဲကွာနေခြင်းသည် ချစ်ခြင်း၏ ရန်သူ ဖြစ်သည်။

After dinner rest; after support walk.
ညစာ အပြီးစားပြီးနောက် နားပါ။ ညနေစာ အဲဆာပြေ စားပြီးနောက် လမ်းလျှောက်ပါ။

All truth must not be told at all times.
အမှန်တရားမှန်သမျှကို အချိန်တိုင်း၌ ပြောရန်မကောင်း။

An old dog does not bark in vain.
ခွေးအိုတစ်ကောင်သည် အကြောင်းမဲ့ မဟောင်။

An ounce of discretion is worth more than a pound of knowledge.
သတိထားခြင်း တစ်အောင်စသည် ဗဟုသုတ တစ်ပေါင်ထက် ပို၍တန်ဖိုးရှိသည်။

Better an egg to-day than a hen tomorrow.
ယနေ့ ကြက်ဥတစ်ဥသည် နက်ဖြန် ကြက်မတစ်ကောင်ထက် ပို၍ကောင်းသည်။

Better to be the head of a cat, than the tail of a lion.
ခြင်္သေ့တစ်ကောင်၏ အမြီးဖြစ်ရခြင်းထက် ကြောင် တစ်ကောင်၏ ဦးခေါင်းဖြစ်ရခြင်းက ပို၍ကောင်းသည်။

Better be without food than without honour.
ဂုဏ်မရှိခြင်းထက် အစာမရှိခြင်းက ပို၍ကောင်းသည်။

Better the happy heart than wealth.
စည်းစိမ်မရှိခြင်းထက် ပျော်ရွှင်ရခြင်းက ပို၍ကောင်းသည်။

Cap in hand never did anyone harm.
နှိမ့်ချခြင်းသည် မည်သူ့ကိုမျှ ဘယ်တော့မှ မထိခိုက်၊ မနစ်နာ ချေ။

Do good, and never mind to whom.
ကောင်းတာ လုပ်ပါ။ ဘယ်သူ့ကိုမှ ဂရုမစိုက်ပါနှင့်။

www.burmeseclassic.com

www.burmeseclassic.com

A good horse has no need the spur.
မြင်းလိမ္မာတစ်ကောင်အတွက် သံချွန်မလို။

When a law is made the way to avoid it is found out.
ဥပဒေအသစ်တစ်ရပ် ထုတ်ပြန်သောအခါ ထို ဥပဒေကို ရှောင်ရှားရန် နည်းလမ်းတွေ့သည်။

A fair promise binds a fool.
ကောင်းမွန်သည့်ကတိတစ်ခုသည် လူရူးလူမိုက်တစ်ယောက်ကို ချည်နှောင်သည်။

Better one true friend than a hundred relations.
ဆွေမျိုးအယောက်တစ်ရာရှိခြင်းထက် မိတ်ဆွေကောင်း တစ်ယောက်ရှိခြင်း ပို၍ကောင်းသည်။

The moon does not trouble about the baying of the dogs.
လမင်းစန္ဒာသည် ခွေးများ၏ဟောင်ခြင်းကြောင့် ဘာမှမဖြစ်။

Who graps to too much secures nothing.
များစွာဆုပ်ကိုင်သူသည် ဘာမျှမရ။

Who wants all loses all.
အားလုံးကို အလိုရှိသူသည် အားလုံးကို ဆုံးရှုံးသည်။

He is a fool who does not know which way the wind blows.
အခြေအနေ ဘယ်လိုဖြစ်နေသည်ကို မသိသူသည် လူရူး လူမိုက်တစ်ဦး ဖြစ်သည်။



Who laughs too much may have an aching heart.
အလွန်ရယ်မောသောသူသည် ပူဆွေးရတတ်သည်။

Who has a tongue can go to Rome.
လျှာရှိသူသည် ရောမသို့ ရောက်အောင် သွားနိုင်သည်။

He that has not money in his purse must have money in his mouth.
ပိုက်ဆံအိတ်ထဲတွင် ငွေမရှိသူသည် ပါးစပ်ထဲ၌ ပိုက်ဆံရှိရမည်။

He that has only one pig, fattens it easily.
ဝက်တစ်ကောင်တည်းရှိသူသည် ထိုဝက်ကို ဝအောင် အလွယ်တကူ ပြုလုပ်နိုင်သည်။

Who buys land buys war.
မြေနေရာဝယ်ယူသူသည် စစ်ကို ဝယ်သည်။

Who is in hell knows not what heaven is.
ငရဲ၌ရောက်နေသူသည် နိဗ္ဗာန်ဘာဆိုသည်ကို မသိ။

Who knows much believes the less.
များစွာကိုသိသူသည် နည်းနည်းပဲ ယုံကြည်သည်။

Who knows nothing doubts of nothing.
ဘာကိုမှမသိသူသည် ဘာကိုမှ သံသယမဖြစ်။

From your confessor, doctor, and lawyer hide not the truth.
ဘုန်းကြီး၊ ဆရာဝန်နှင့် ရှေ့နေကို ဘာမှမလျှို့ဝှက်ပါနှင့်။

www.burmeseclassic.com

www.burmeseclassic.com

Hope is the last thing to abandon the unfortunate.
မျှော်လင့်ခြင်းသည် ကံမကောင်းသည်ကိုစွန့်လွှတ်ရန်အတွက် နောက်ဆုံးအရာ ဖြစ်သည်။

Idleness is the father of all the vices.
အားလပ်၍ပျင်းရိနေခြင်းသည် မကောင်းမှုအားလုံးတို့၏ ဖခင်ဖြစ်သည်။

The hungry ass will eat any sort of straw.
ဆာလောင်နေသည့်မြည်းသည် မည်သည့်မြက်ခြောက်ကိုမဆို စားလိမ့်မည်။

Bad news in the first to arrive.
သတင်းဆိုးများသည် ပထမဆုံး ရောက်ရှိတတ်သည်။

Fools grow without watering.
လူရူးလူမိုက်များသည် ရေမလောင်းဘဲ ပေါက်ရောက်သည်။

In a fiddler's house all are dancers.
စောင်းသမား၏အိမ်၌ ရှိသည့်အားလုံးသည် ကချေသည်များ ဖြစ်သည်။

He who offends,writers in sand; he who is offended, in marble.
တစ်စုံတစ်ယောက်အား နာကျင်အောင်ပြုလုပ်သူသည် သဲ၌ ရေးသည်။ လုပ်ခံရသူသည် ကျောက်၌ ရေးထားသည်။



That may happen in a moment which will not happen is a hundred years.
တစ်ခဏတွင်ဖြစ်သည့်အရာသည် နှစ် တစ်ရာတွင် မဖြစ်။

Often bad fortune does not lead to harm.
တစ်ခါတစ်ရံ၌ ကံကြမ္မာဆိုးသည် ဘေးမဖြစ်ချေ။

It is better to be lucky than wise.
ဉာဏ်ပညာရှိခြင်းထက် ကံကောင်းခြင်းက ပို၍ကောင်းသည်။

Where remedies are required, sighing is of no avail.
ဆေးများ လိုအပ်သည့်အခါ၌ သက်ပြင်းချခြင်းသည် အချည်းနှီး။

The comforter's head never aches.
အားပေးနှစ်သိမ့်သူတစ်ဦး၏ဦးခေါင်းသည် ဘယ်သောအခါမှ မကိုက်။

It never thunders but it rains.
မိုးလုံးဝမခြိမ်းဘဲ ရွာသည်။

Do not wake the dogs who sleep.
အိပ်နေသော ခွေးများကို မနှိုးပါနှင့်။

The little dogs find, but the big ones get the bare.
ခွေးငယ်များက ယုန်ကိုတွေ့သည်။ ခွေးကြီးများက ယုန်ကို ဖမ်းမိမည်။

www.burmeseclassic.com

www.burmeseclassic.com



Great sorrows are silent.

ကြီးမားစွာပူဆွေးရမှုများသည် တိတ်ဆိတ်ငြိမ်သက်သည်။

Take care before you leap.

မခုန်မီ သတိထားပါ။

Love is the maker of suspicions.

ချစ်ခြင်းသည် သံသယကို ပြုလုပ်သူဖြစ်သည်။

Love rules without law.

အချစ်သည် ဥပဒေမရှိဘဲ ကြီးစိုးသည်။

A multiplicity of laws and of physicians in a country is equally of a sign of its bad condition.

တိုင်းပြည်တစ်ပြည်၌ ဥပဒေများစွာရှိခြင်းနှင့် ဆရာဝန်များစွာရှိခြင်းသည် မကောင်းသည့်လက္ခဏာ ဖြစ်သည်။

Men make wealth and women preserve it.

အမျိုးသားများသည် ဥစ္စာရှာကြ၍ အမျိုးသမီးများသည် ထိုဥစ္စာကို ထိန်းသိမ်းကြသည်။

One misfortune is the vigil of another.

ကံဆိုးမှုတစ်ခုသည် နောက်ထပ် ကံဆိုးမှုတစ်ခုကို သတိပေးတပ်လှန့်မှု ဖြစ်သည်။

Money begets money.

ငွေသည် ငွေကို ရသည်။



Do not trouble about the colour of a gift horse.

လက်ဆောင်ရသည့်မြင်း၏အရောင်ကြောင့် စိတ် ကသိကအောက်မဖြစ်ပါနှင့်။

A new broom sweeps the room well.

တံမြက်စည်းသစ်သည် အခန်းကို ကောင်းစွာလှည်းကျင်းသည်။

A new broom is good for three days.

တံမြက်စည်းသစ်သည် သုံးရက်သာ လှည်း၍ကောင်းသည်။

Not every word wants an answer.

စာလုံးတိုင်းသည် အဖြေမလို။

No one is born a great master.

မည်သူမှ မွေးလာကတည်းက လူတော် ဖြစ်မလာ။

An old bird is not taken with a new net.

ငှက်အိုတစ်ကောင်ကို ပိုက်ကွန်သစ်ဖြင့် ဖမ်း၍မရ။

An old feud soon becomes new.

ရန်ငြိုးဟောင်းသည် မကြာခင် အသစ်ဖြစ်လာသည်။

One lie draws ten after it.

လိမ်ညာမှုတစ်ခုနောက်မှ လိမ်ညာမှု ဆယ်ခုလိုက်သည်။

One enemy is too many, and a hundred friends are not sufficient.

ရန်သူတစ်ယောက်သည် အလွန်များနေပြီး မိတ်ဆွေတစ်ရာသည် မလုံလောက်။

www.burmeseclassic.com

www.burmeseclassic.com



A fire is not extinguished by fire.
မီးကို မီးဖြင့် ငြိမ်း၍မရ။

Who spits against the wind spits in his own face.
လေကိုဆန့်ကျင်၍ တံတွေးထွေးသူသည် ကိုယ့်မျက်နှာကို တံတွေးထွေးသူ ဖြစ်သည်။

God preserve me from my friends; from my enemies I will preserve myself.
ဘုရားသခင်သည် ကျွန်ုပ်၏မိတ်ဆွေများ၏ အန္တရာယ်မှ ကာကွယ်ပေးသည်။ ကျွန်ုပ်၏ရန်သူများ၏ ရန်ကိုမူ ကျွန်ုပ်ကိုယ်တိုင် ကာကွယ်ရမည်။

From saying to doing is a long step.
ပြောခြင်းမှ လုပ်ခြင်းသည် အလွန်ဝေးကွာသော ခရီး ဖြစ်သည်။

Who sees with the eye believes with the heart.
မျက်စိဖြင့်မြင်သူသည် နှလုံးသားထဲမှယုံသည်။

Who practises himself fouls himself.
မိမိကိုယ်မိမိ ချီးကျူးသူသည် မိမိကုယ်မိမိ ညစ်နွမ်းစေသူ ဖြစ်သည်။

Bed is a medicine.
အိပ်ရာသည် ဆေးဝါးဖြစ်သည်။

Night is the mother of thoughts.
ညသည် စဉ်းစားတွေးခေါ်မှု၏ မိခင် ဖြစ်သည်။



So many heads, so many brains.
ဦးခေါင်းများလျှင် အကြံဉာဏ်များသည်။

Who goes softly goes safely and also far.
တိတ်ဆိတ်ညင်သာစွာ သွားသူသည် အန္တရာယ်ကင်းစွာနှင့် ခရီး ဝေးဝေးရောက်သည်။

Step by step one gets to Rome.
ခြေတစ်လှမ်းဖြင့် တစ်စုံတစ်ယောက်သည် ရောမသို့ ရောက်သည်။

The ass does not know what his tail is worth until it has gone.
မြည်းသည် သူ၏အမြီး မပြတ်မချင်း အမြီး၏တန်ဖိုးကို မသိ။

The eye is blind if the mind is troubled.
စိတ်ရှုပ်နေသောအခါ မျက်စိသည် ဘာမှမမြင်တော့။

The eagle does not make war against frogs.
လင်းယုန်သည် ဖားများကို စစ်မခင်း။

He who climbs too high, falls.
မြင့်မြင့်တက်သူသည် ကျသည်။

Poverty has no relations.
ဆင်းရဲခြင်းတွင် ဆွေမျိုးများ မရှိ။

The smoke of my own house is worth more than the fire in another's.
ကျွန်ုပ်၏အိမ်မှမီးခိုးသည် အခြားသူ၏အိမ်မှမီးထက် ပို၍ တန်ဖိုးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



The good time only comes once.
အချိန်ကောင်း (အခွင့်အရေး)သည် တစ်ကြိမ်သာလာသည်။

Threats are arms to the threatened.
ခြိမ်းခြောက်မှုများသည် အခြိမ်းခြောက်ခံရသူအတွက် လက်နက် ဖြစ်သည်။

Three know it; all know it.
သုံးယောက် သိသောအခါ အားလုံး သိသည်။

Two women and a goose make a market.
မိန်းမနှစ်ယောက်နှင့် ငန်းတစ်ကောင်သည် ဈေး တစ်ဈေး ဖြစ်စေသည်။

Three women and a young goose make a market.
မိန်းမသုံးယောက်နှင့် ငန်းပေါက်စတစ်ကောင်သည် ဈေး တစ်ဈေး ဖြစ်စေသည်။

True love never becomes grey.
အချစ်စစ် အချစ်မှန်သည် ဘယ်သောအခါမှ မအိုမင်း။

To trust yourself is good; not to trust yourself is better.
သင့်ကိုယ်သင် ယုံကြည်ခြင်းသည် ကောင်းသည်။ သင့်ကိုယ်သင် မယုံကြည်ခြင်းသည် ပို၍ကောင်းသည်။

Though a lie be swift, the truth overtakes it.
လိမ်ညာမှုသည် မြန်သော်ငြားလည်း အမှန်တရားသည် ၎င်းကို ကျော်တက်သည်။

Where wine enters, modesty goes out.
ဝိုင်အရက်ဝင်သွားသောအခါ မှန်မှန်ကန်ကန် နေထိုင်မှုသည် ထွက်သွားသည်။

Where the will is prompt, the legs are nimble.
ဆန္ဒရှိသောအခါ ခြေထောက်များသည် လျင်မြန်သည်။

Who has not courage should have legs.
သတ္တိမရှိသူတွင် ခြေထောက်များ ရှိသင့်သည်။

Who has not a head should have legs.
ဦးခေါင်းမရှိသူတွင် ခြေထောက်များ ရှိသင့်သည်။

You cannot get blood from a turnip.
သင်သည် မုန်လာဥမှသွေးထွက်လာအောင် မလုပ်နိုင်။

Eating teaching drinking.
စားခြင်းသည် သောက်ခြင်းကို သင်ကြားပေးသည်။

Health without pence is half sickness.
ငွေမရှိဘဲ ကျန်းမာရေးကောင်းခြင်းသည် တစ်ဝက် ဖျားနာခြင်း ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



# J

## JAPANESE PROVERBS

ဂျပန် စကားပုံများ

A fog cannot be dispelled by a fan.
မြူနှင်းကို ယပ်တောင်တစ်ခုဖြင့် ပြိုကွဲအောင် ပြုလုပ်၍မရ။

To be over polite is to be rude.
အလွန်ယဉ်ကျေးသိမ်မွေ့ခြင်းသည် ရိုင်းစိုင်းသည်။

The tongue is but three inches long, yet it can kill a man six feet high.
လျှာသည် သုံးလက်မသာရှိသော်လည်း အရပ် ခြောက်ပေ မြင့်သူတစ်ယောက်ကို သတ်နိုင်သည်။

A bad daughter-in-law is worse than a thousand devils.
ချွေးမဆိုးတစ်ယောက်သည် မကောင်းဆိုးရွားတစ်ထောင် ထက် ပို၍ဆိုးသည်။

A good drum does not need hard striking.
ကောင်းမွန်သည့်ဗုံကို နာနာရိုက်ခတ်ရန် မလို။

A handful of rice is riches to a starving man.
လက်တစ်ဆုပ်စာသာရှိသည့် ဆန်သည် ဝတ်မွတ်နေသူ တစ်ယောက်အတွက် ဥစ္စာစည်းစိမ်ဖြစ်သည်။

A journey of a thousand miles begin with one step.
မိုင်တစ်ထောင်ကွာဝေးသည့် ခရီးရှည်ကြီးကို ခြေလှမ်း တစ်လှမ်းဖြင့် စတင်သည်။

A lean dog shames its master.
ပိန်လှီနေသော ခွေးတစ်ကောင်သည် သူ၏သခင်ကို ရှက်သည်။

A man's character depends on whether his friends are good or bad.
လူတစ်ယောက်၏ အကျင့်စာရိတ္တသည် သူ၏အပေါင်း အသင်းများ ကောင်း မကောင်းပေါ် မူတည်သည်။

All married women are not wives.
လက်ထပ်ထားသော ဇနီးမယားတိုင်း အိမ်သူ မဟုတ်။

Applause is the beginning of abuse.
ချီးကျူးသြဘာပေးခြင်းသည် ပုတ်ခတ်မှု၏ နိဒါန်းဖြစ်သည်။

At the first cup man drinks wine; at the second cup wine drinks wine; at the third cup wine drinks man.
ပထမခွက်သည် လူက ဝိုင်အရက်ကို သောက်သည်၊ ဒုတိယ ခွက်၌ ဝိုင်အရက်က ဝိုင်အရက်ကို ပြန်သောက်သည်၊ တတိယခွက်၌ ဝိုင်အရက်က လူကို ပြန်သောက်သည်။

www.burmeseclassic.com



Better go without medicine than call in an unskilful physician.
မကျွမ်းကျင်သည့် ဆရာဝန်ခေါ်ခြင်းထက် ဆေးမရှိဘဲ သွားခြင်းက ပို၍ကောင်းသည်။

Brothers quarrel like thieves inside a house, but outside their swords leap out in each other's defence.
ညီအစ်ကိုများသည် အိမ်တွင်း၌သူခိုးဓားပြများကဲ့သို့ သတ်ပုတ်ကြ၍ အပြင်ဘက်၌ တစ်ယောက်အတွက် တစ်ယောက် ဓားရှည်များထုတ်၍ ကာကွယ်ကြသည်။

Cold tea and cold rice may be endured, but not cold looks and words.
အေးနေသည့် လက်ဖက်ရည်နှင့်ထမင်းကို သည်းခံ၍ စားသောက်နိုင်သော်လည်း အေးတိအေးစက်အကြည့်နှင့် စိမ်းကားသည့် စကားလုံးများကိုမူ သည်းမခံနိုင်။

Daylight will peep through a very small hole.
နေ့ခင်းအလင်းရောင်သည် အလွန်သေးငယ်သည့် အပေါက်မှ ဖောက်ဝင်သည်။

Destroy all passions when you light Buddha's lamp.
ဗုဒ္ဓ၏မီးခွက်ကို ထွန်းညှိသောအခါ စိတ်ဆန္ဒအားလုံး ပယ်ဖျောက်ထားပါ။



Even in a village of eight there is one patriot.
လူရှစ်ယောက်ရှိသည့်ရွာ၌ပင်လျှင် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး ရှိသည်။

Even Fuji is without beauty to one hungry and cold.
ဆာလောင်မွတ်သိပ်နေသူနှင့် အအေးဒဏ်မိနေသူအတွက် ဖူဂျီမီးတောက်ပင်လျှင် မလှပ။

Even the street dog has his lucky dogs.
လမ်းပေါ်မှခွေး၌ပင်လျှင် သူ့အတွက် ကံကောင်းသည့်နေ့များ ရှိသည်။

Forgiving the unrepentant like making pictures on water.
နောင်တမရသူကို ခွင့်လွှတ်ခြင်းသည် ရေပေါ်၌ စာရေးသကဲ့သို့ ဖြစ်သည်။

From poverty to wealth is a troublesome journey, but the way back is easy.
ဆင်းရဲခြင်းမှ ချမ်းသာခြင်းသို့ သွားရသည့်ခရီးသည် ပင်ပန်းကြမ်းတမ်းသည်။ သို့သော် ထိုခရီး၏ပြောင်းပြန်ခရီးသည် လွယ်ကူသည်။

Grass does not grow in the market.
ဈေးနေရာ၌ မြက်မပေါက်။

www.burmeseclassic.com

www.burmeseclassic.com



He that steals gold is put in prison; he that steals land is made king.
ရွှေကို ခိုးသူကို ထောင်ချသည်။ မြေကို ခိုးသူသည် ဘုရင်ဖြစ်သည်။

He who hunts two hares, leaves one and loses the other.
ယုန်နှစ်ကောင်ကို အမဲလိုက်သူသည် နှစ်ကောင်လုံး မမိ။

If you hate a man, let him live.
အကယ်၍ သင်သည် လူတစ်ယောက်ကို မုန်းလျှင် ထိုသူ အသက်ရှင် နေပါစေ။

If the hen crows instead of the cock, there will be no peace in the farmyard.
အကယ်၍ ကြက်ဖအစား ကြက်မတွန်ပါက ယာတောသို့ ငြိမ်းချမ်းမှုရှိမည် မဟုတ်။

It is easier to rule a kingdom than a family.
အိမ်ထောင်စုတစ်စုကို အုပ်ချုပ်ရခြင်းသည် နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်ရသည်ထက် ပို၍ခက်သည်။

The second word makes the fray.
ဒုတိယစကားသည် ရန်ပွဲ ဖြစ်စေသည်။

Make your plans for the year at its beginning; correct your wife from the first day.
တစ်နှစ်တာအတွက် အစီအစဉ်များကို နှစ်စတွင် ဆွဲပါ။ သင်၏ဇနီးကို ပထမဆုံးနေ့တွင် ပြုပြင်ပါ။



Man learns little from victory, but much from defeat.
လူသည် သင်ခန်းစာကို အောင်မြင်မှုမှ နည်းနည်းယူသည်။ ရှုံးနိမ့်မှုမှ များများယူသည်။

One good word can warm three winter months.
သာယာသည့်စကားတစ်ခွန်းသည် ဆောင်းရာသီ သုံးရာသီကို နွေးထွေးစေသည်။

Pinch yourself and know how others feel.
သင့်အသားကို သင် ညှစ်ကြည့်၍ အခြားလူများ မည်သို့ ခံစားရမည်ကို သိနိုင်သည်။

To hear a hundred times is not so good as to see once.
အကြိမ်တစ်ရာ ကြားရခြင်းသည် တစ်ကြိမ်တွေ့ရခြင်းလောက် မကောင်း။

The frog that has not seen the sea thinks the well a fine stretch of water.
ပင်လယ်ကို မမြင်ဖူးသည့်ဖားသည် ရေတွင်းကို အဟုတ်ကြီး ထင်နေသည်။

The sparrow flying behind the hawk thinks the hawk is fleeing.
သိမ်းငှက်၏ နောက်မှပျံသန်းနေသော စာကလေးတစ်ကောင်သည် သိမ်းငှက်ထွက်ပြေးနေသည်ဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



When you buy a vase cheap, look for the flaw; when a man offers favours, look for the motive.
သင်သည် မြေအိုးတစ်အိုးကို ဈေးချိုစွာဖြင့် ဝယ်၍ရသည့်အခါ အနာအဆာကို ရှာပါ။ အကယ်၍ လူတစ်ယောက်က မျက်နှာသာပေးပါက သူ၏ ရည်ရွယ်ချက်ကို လေ့လာပါ။

Who can speak well can lie well.
စကားကောင်းစွာပြောဆိုနိုင်သူသည် ကောင်းစွာ လိမ်ညာပြောဆိုနိုင်သည်။

Woman's tongue is three inches long, but it can kill a man six feet high.
မိန်းမတစ်ယောက်၏လျှာသည် သုံးလက်မ ရှည်သည်။ သို့သော် ထိုလျှာသည် အရပ်ခြောက်ပေမြင့်သူတစ်ဦးကို သတ်နိုင်သည်။

Women's thoughts are afterthoughts.
အမျိုးသမီးများ၏အတွေးများသည် တစ်ဖန်ပြန်၍တွေးသည့် အတွေးများ ဖြစ်သည်။

Women and workmen are difficult to handle.
အမျိုးသမီးများနှင့် အလုပ်သမားများသည် ကိုင်တွယ်ရခက်သည်။

You can stand still in a flowing stream, but not in the world of mankind.
သင်သည် စီးဆင်းနေသော စမ်းချောင်း၌ ငြိမ်သက်စွာ



Many captains and the ship goes to rocks.
မာလိန်မှူးများစွာပါသည့် သင်္ဘောသည် ကျောက်ဆောင်များကို ဝင်တိုက်မိသည်။

Too much courtesy is discourtesy.
အလွန်အမင်းပျူငှာခြင်းသည် မပျူငှာခြင်း ဖြစ်သည်။

Travellers no horseback know nothing of the toil of those who travel on foot.
မြင်းစီး၍ ခရီးသွားသူများသည် ခြေကျင်သွားသူများ၏ ပင်ပန်းဆင်းရဲမှုကို မသိ။

* * *

www.burmeseclassic.com

www.burmeseclassic.com

# L

## LATIN PROVERBS

လက်တင် စကားပုံများ

The young ox learns to plough from the older one.
နွားထီးငယ်တစ်ကောင်သည် နွားထီးအိုထံမှ လယ်ထွန် သင်သည်။

Without money all things are vain.
ငွေမရှိသောအခါ အရာအားလုံးသည် အချည်းနှီး။

Without sweat and toil no work is brought completion.
ချွေးမထွက်ဘဲနှင့်၊ မပင်ပန်းဘဲနှင့် မည်သည့်အလုပ်မှ မပြီးဆုံး။

Do not go to the council-room before you are called.
သင့်အားမခေါ်ဘဲနှင့် စည်းဝေးခန်းသို့ မသွားနှင့်။

Do not argue anainst the sun.
ထင်ရှားသည့်ကိစ္စကို သွားမငြင်းနှင့်။

Emulation produces emulatoin.



You water the fields of others, your own being left dry.
သင်သည် အခြားသူများ၏ လယ်ကွင်းများကို ရေလောင်း ပေးသည်။ သင်၏လယ်ကွင်းမှာမူ ခြောက်နေသည်။

Some do the sowing, others the reaping.
အချို့က စိုက်သည်။ အချို့က ရိတ်သည်။

To lose a friend is the greatest of injuries.
မိတ်ဆွေတစ်ယောက် ဆုံးရှုံးခြင်းသည် အကြီးမားဆုံး နစ်နာမှု ဖြစ်သည်။

Love made the world.
အချစ်သည် ကမ္ဘာကြီးကို တည်ဆောက်ထားသည်။

Love conqueror all things.
အချစ်သည် အရာရာကို အောင်နိုင်သည်။

A doubtful remedy is better than none.
မသေချာဘဲ ဆေးစားခြင်းထက် ဆေးလုံးဝမစားခြင်းက ပို၍ ကောင်းသည်။

Speech is a physician to a sick mind.
စကားသည် စိတ်ညစ်နေမှုအတွက် ဆရာဝန် ဖြစ်သည်။

You are teaching an eagle how to fly.
သင်သည် လင်းယုန်ငှက်ကို ပျံသန်းရန် သင်ပေးနေသည်။

Do not sing your triumph before you have conquered.
အောင်မြင်မှုမရမီ အောင်တေးမသီဆိုနှင့်။

www.burmeseclassic.com

www.burmeseclassic.com

An ass is beautiful to an ass and a pig to a pig.
မြည်းတစ်ကောင်သည် အခြားမြည်းတစ်ကောင်အတွက် လှပပြီး ဝက်တစ်ကောင်သည် အခြားဝက်တစ်ကောင်အတွက် လှပသည်။

A good leader produces a good soldier.
ခေါင်းဆောင်ကောင်းတစ်ယောက်သည် စစ်သည်ကောင်းတစ်ဦးကို မွေးထုတ်ပေးသည်။

A good man is always a learner.
လူတော် တစ်ယောက်သည် အမြဲလေ့လာနေသူတစ်ဦးဖြစ်သည်။

Short pleasure is soon the parent of sorrow.
တစ်ဒင်္ဂသာယာမှုသည် ဝမ်းနည်းပူဆွေးမှု၏ မိဘ ဖြစ်သည်။

Caesar is not an authority over the grammarians.
ဆီဇာသည် သဒ္ဒါဆရာများ၏ အရှင်သခင် မဟုတ်။

Honesty gives wings to strength.
ရိုးသားခြင်းသည် အင်အားကို အတောင်ပံများ တပ်ပေးသည်။

Beware of marked men.
အရေးပါသူများကို သတိထားပါ။

Beware of the man of one book.
စာအုပ်တစ်အုပ်တည်းသမားကို သတိထားပါ။



Have a care of a silent dog and still water.
ငြိမ်သက်နေသည့် ခွေးနှင့် ငြိမ်သက်နေသည့် ရေကို သတိထားပါ။

Let the citizens obey the magistrates, and the magistrates the laws.
တိုင်းသူပြည်သားများသည် တရားသူကြီးများကို နာခံစေပြီး တရားသူကြီးများသည် ဥပဒေကို နာခံပါ။

The clothes make the man.
တောင်းမှာ အကွပ်၊ လူမှာ အဝတ်။

We learn not at school, but in life.
ကျွန်ုပ်တို့သည် ကျောင်း၌ လေ့လာခြင်းမဟုတ်။ သို့သော် ဘဝ၌ လေ့လာဆည်းပူးခြင်း ဖြစ်သည်။

If you always live with those who are lame, you will yourself learn to limp.
အကယ်၍ သင်သည် ခြေကျိုးနေသူများနှင့် အမြဲထိုင်နေပါက သင်သည် ခြေထော့နဲ့ထော့နဲ့ဖြစ်အောင် လေ့လာပါ။

An army of stags led by a lion would be better than an army of lions led by a stag.
ခြင်္သေ့တစ်ကောင်ဦးဆောင်သည့် ချေတပ်မတော်တစ်ခုသည် ချေတစ်ကောင်ဦးဆောင်သည့် ခြင်္သေ့တပ်မတော်ထက် ပို၍ကောင်းသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

# P

## PERSIAN PROVERBS

ပါရှင်း စကားပုံများ

One pound of learning requires ten pounds of common sense to apply it.

လေ့လာဆည်းပူးမှုတစ်ပေါင်ကို အသုံးပြုရန်အတွက် သဘာဝ ကျကျ တွေးခေါ် မြော်မြင်တတ်မှု ဆယ်ပေါင်လိုသည်။

Thinking well is wise; planning well, wiser; doing well wisest and best of all.

ကောင်းမွန်စွာတွေးခေါ်ခြင်းသည် ဉာဏ်ပညာရှိသည်။ ကောင်းစွာ အကွက်ချစီစဉ်ခြင်းသည် ပို၍ဉာဏ်ပညာရှိပြီး ကောင်းစွာ ပြုလုပ်ခြင်းသည် ဉာဏ်ပညာအရှိဆုံးနှင့် အကောင်းဆုံး ဖြစ်သည်။

Do little things now; so shall big things come to you by and by, asking to be done.

သေးငယ်သည့် အလုပ်များကို ယခု လုပ်ပါ။ ကြီးမားသည့် အလုပ်များသည် သင်လုပ်ရန်အတွက် မကြာမီ လာလိမ့်မည်။

* * *



## POLISH PROVERBS

ပိုလန် စကားပုံများ

If there is no wind, row.

လေ မတိုက်က လှော်ပါ။

When I had money everyone called me brother.

ကျွန်ုပ်တွင် ငွေရှိသောအခါ လူတိုင်းက ကျွန်ုပ်အား အစ်ကိုဟု ခေါ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## PORTOGUES PROVERBS

ပေါ်တူဂီ စကားပုံများ

Water washes everything.
ရေသည် အရာရာကို ဆေးကြောသည်။

An honest man's word is as good as the king's.
ရိုးသားသူတစ်ယောက်၏စကားသည် ဘုရင်တစ်ပါး၏ စကားကဲ့သို့ တည်ကြည်မှန်ကန်သည်။

A dog which barks much is never good at hunting.
အလွန်ကောင်းသောခွေးတစ်ကောင်ကို အမဲလိုက်ရာ၌ သုံးရန်မကောင်း။

Better to have a red face than a black heart.
စိတ်ထားမကောင်းမြတ်ခြင်းထက် ဒေါသကြီးခြင်းက ပို၍ကောင်းသေးသည်။

Birds of prey do not flock together.
သိမ်းငှက်များ၊ လင်းယုန်ငှက်များသည် အုပ်စုဖွဲ့၍ မနေ။

A diligent mother, a lazy daughter.
လုံ့လရှိသောမိခင်၏ သမီးသည် ပျင်းရိသည်။

Despise your enemy and you will soon be beaten.
ရန်သူကို အထင်သေးပါက သင်သည် မကြာခင် ရှုံးနိမ့်လိမ့်မည်။



Drink nothing without seeing it; sign nothing without reading it.
မကြည့်ဘဲနှင့် ဘာမှ မသောက်နှင့်။ မဖတ်ဘဲနှင့် လက်မှတ်မထိုးနှင့်။

If you would know how much a ducat is worth, seek to borrow me.
တစ်ဒူးကက်၏တန်ဖိုးကို သင် သိချင်ပါက ချေးကြည့်ပါ။ (ဒူးကက် = ပေါ်တူဂီသုံးငွေ)

Money controls the battle and not the strong arm.
စစ်ပွဲကိုထိန်းချုပ်ထားသည်မှာ လက်နက် မဟုတ်။ ငွေသာဖြစ်သည်။

Money is the measure of all things.
ငွေသည် အရာရာကို တိုင်းတာသည့်အရာ ဖြစ်သည်။

Do not mention a rope in the house of a thief.
သူခိုးတစ်ယောက်၏အိမ်တွင် ကြိုးအကြောင်းကို မပြောပါနှင့်။

Marriage, marriage, it sounds well but tastes ill.
အိမ်ထောင်ရေး။ ကောင်းမွန်သလို ဖြစ်သော်လည်း မကောင်းမွန်။

While there is life there is hope.
အသက်ရှိသောအခါ မျှော်လင့်ချက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

Promising is not giving, but it contents fools.
ကတိပေးခြင်းသည် ပေးကမ်းခြင်း မဟုတ်။ သို့သော် ကတိပေးခြင်းသည် လူရူးလူမိုက်များကို နှစ်သိမ့်စေသည်။

Think of many things, do one.
များစွာကို တွေးပါ။ တစ်ခုပဲ လုပ်ပါ။

Speak little and well; you will be accounted somebody.
နည်းနည်းနှင့် ကောင်းစွာပြောပါ။ သင့်အား တစ်စုံတစ်ယောက်က အကောင်းဘက်က စဉ်းစားလိမ့်မည်။

As time changes, counsel changes.
အချိန်ပြောင်းလဲသောအခါ အစီအစဉ်ပြောင်းသည်။

* * *

# R

## RUSSIAN PROVERBS
ရုရှား စကားပုံများ

Hurry is only good for catching flies.
အလျင်လိုခြင်းသည် ယင်ကောင်များကိုဖမ်းရန်အတွက်သာ ကောင်းသည်။

A sleeping fox counts hens in his dreams.
အိပ်နေသော မြေခွေးတစ်ကောင်သည် သူ၏အိပ်မက်ထဲ၌ ကြက်မများကို ဖမ်းနေသည်။

There was never a saint with red hair.
ဆံပင်နီနှင့် သူတော်စင် ဘယ်သောအခါမှ မရှိ။

Clever father, clever daughter; clever mother, clever son.
လိမ္မာပါးနပ်သော ဖခင်တွင် လိမ္မာပါးနပ်သော သမီးရှိသည်။
လိမ္မာပါးနပ်သော မိခင်တွင် လိမ္မာပါးနပ်သော သား ရှိသည်။

When money speaks the truth is silent.
ငွေစကားပြောသောအခါ အမှန်တရားသည် ရှောင်နေသည်။

A woman's hair is long; her tongue is longer.
အမျိုးသမီးတစ်ဦး၏ဆံပင်သည် ရှည်သည်။ သူမ၏လျှာသည်

www.burmeseclassic.com



Heat breaks no bone.
အပူသည် အရိုးကို မချိုးနိုင်။

Measure your cloth ten times; you can only cut it once.
သင်၏အဝတ်ကို ဆယ်ကြိမ်တိုင်းပါ။ သင်သည် တစ်ကြိမ်သာ ဖြတ်(ညှပ်)နိုင်သည်။

Don't strike a man when he is down.
လူတစ်ယောက်နိမ့်နေတုန်း မဖိရ။

Pray to God, but row to shore.
ဘုရားထံ ဆုတောင်းပါ။ သို့သော် ကမ်းရောက်အောင် လှော်ခတ်ပါ။

The first is most right.
ပထမသည် အမှန်ဆုံး ဖြစ်သည်။

Shame is worse than death.
အရှက်သည် သေခြင်းထက် ပို၍ဆိုးရွားသည်။

Seven shepherds spoil a flock.
သိုးကျောင်းသား ခုနစ်ယောက်သည် သိုးတစ်အုပ်ကို ဖျက်ဆီးသည်။

The heart has ears.
အသည်းနှလုံးတွင် နားများရှိသည်။

# S

## SCOTTISH PROVERBS

စကော့ စကားပုံများ

True love appears in time of need.
အချစ်စစ် အချစ်မှန်သည် အရေးကြုံက ထွက်ပေါ်လာသည်။

A good cow may have an ill calf.
လိမ္မာသောနွားမတစ်ကောင်သည် နွားဆိုးလေးတစ်ကောင်ကို မွေးလိမ့်မည်။

A good dog never barks about a bone.
ခွေးလိမ္မာတစ်ကောင်သည် အရိုးတစ်ချောင်းအတွက် ဘယ်သောအခါမှ မဟောင်။

A good piece of steel is worth a penny.
သံမဏိကောင်းတစ်စသည် တစ်ပဲနီ တန်သည်။

A poor man is fain of little.
ဆင်းရဲသူတစ်ယောက်သည် အနည်းငယ်အတွက် ဝမ်းသာသည်။

A scalded cat dreads cold water.
ရေနွေးပူလောင်ခံရဖူးသော ကြောင်တစ်ကောင်သည် ရေအေးကိုကြောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



A courageous man never wanted a weapon.
သတ္တိရှိသူတစ်ဦးသည် ဘယ်သောအခါမှ လက်နက်မလို။

Half a tale is enough to a wise man.
ပုံပြင်တစ်ဝက်သည် ပညာရှိတစ်ဦးအတွက် လုံလောက်သည်။
**(အရိပ်ပြ အကောင်ထင်)**

An ill servant will never be a good master.
ဆိုးသွမ်းသည့် အစေခံတစ်ဦးသည် ဘယ်သောအခါမှ သခင်ကောင်းတစ်ဦး ဖြစ်မလာ။

Better be alone than in all company.
မကောင်းသည့်သူများကြား၌ ရောက်နေခြင်းထက် တစ်ယောက်တည်းဖြစ်နေခြင်းက ပို၍ကောင်းသည်။

Better buy than borrow.
ချေးငှားခြင်းထက် ဝယ်ယူခြင်းက ပို၍ကောင်းသည်။

Better say "Here it is" than "Here it was".
"အဲဒါ ဒီမှာ ရှိခဲ့တယ်" ဟု ပြောရမည့်အစား "အဲဒါ ဒီမှာ ရှိတယ်" ဟု ပြောခြင်းက ပို၍ကောင်းသည်။

Courtesy in cumbersome to him that kens it not.
ယဉ်ကျေးသိမ်မွေ့ခြင်းကို နားမလည်သူအတွက် ယဉ်ကျေးသိမ်မွေ့ခြင်းသည် အချည်းနှီး။

Put not all your crocks on one shelf.
သင်၏ကရားအားလုံးကို စင်တစ်ခုတည်းပေါ် မတင်ပါနှင့်။



Every man's blind in his own cause.
လူတိုင်းသည် သူ၏အရေးကိစ္စ၌ ဘာမျှမမြင်တော့။

Experience may teach a fool.
အတွေ့အကြုံသည် လူရူးလူမိုက်တစ်ဦးအား သင်ကြားပေးလိမ့်မည်။

Forbid a fool to do a thing and he will do it.
လူရူးလူမိုက်တစ်ဦးအား တစ်စုံတစ်ခုကို မလုပ်ရန်တားပါက သူသည် ထိုဟာကို လုပ်လိမ့်မည်။

A man that is warned is half armed.
သတိပေးခြင်းခံရသူတစ်ဦးသည် လက်နက်တပ်ဆင်ထားပြီး (ပြင်ဆင်ထားပြီး) ဖြစ်သည်။

Fortune turns like a mill wheel; now you are at the top, and then at the bottom.
ကံတရားသည် စက်ရုံမှဘီးကဲ့သို့ လည်ပတ်သည်။ သင်သည် ယခု ထိပ်ဆုံးသို့ရောက်ပြီးနောက် အောက်ဆုံးသို့ရောက်သည်။

God help the poor; thé rich can help themselves.
ဘုရားသခင်သည် ဆင်းရဲသူများကို ကူညီသည်။ ချမ်းသာသူများသည် ၎င်းတို့ကိုယ်၎င်းတို့ ကယ်တင်နိုင်သည်။

He that comes first to the hill may sit where he will.
တောင်ကုန်းပေါ်သို့ ပထမဆုံးတက်ရောက်သူသည် သူကြိုက်သည့်နေရာ၌ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



He who has a bonny wife needs more than two eyes.

လှပသော ဇနီးမယားရှိသူသည် မျက်လုံးနှစ်လုံးမက လိုအပ်သည်။

He will either make a spoon or spoil a horn.

သူသည် အကြီးအကျယ် အောင်မြင်လိမ့်မည်။ သို့မဟုတ် ရှုံးနိမ့်လိမ့်မည်။

A slothful man is a beggar's brother.

အလွန် အပျင်းကြီးသူသည် သူတောင်းစားတစ်ဦး၏ ညီ ဖြစ်သည်။

It is good fishing in troubled waters.

တောမီးလောင်လျှင် လက်ခမောင်းခတ်သင့်သည်။

Keep a thing seven years, and you'll find a use for it.

ပစ္စည်းတစ်ခုကို ခုနစ်နှစ်သိမ်းထားပါ။ ထိုပစ္စည်း အသုံးဝင်သည်ကို သင် တွေ့ရမည်။

It is ill to wake sleeping dogs.

အိပ်နေသောခွေးများကို နှိုးခြင်းသည် မိုက်မဲသည်။

Meat is good, but good manner is better.

အသားသည် ကောင်းမွန်သည်။ သို့သော် ကောင်းမွန်သည့် အပြုအမူသည် ပို၍ကောင်းမွန်သည်။



"Must" is for the king to say.

